# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ စနေနေ့၊ (12-3-2016) (၈၅၀၃)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

# ကျောင်းသား ကျောင်းသူများ အခွင့်အလမ်းကောင်းများကို အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလ-မေဒို ရွာအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်း လုပ်ငန်းစီမံကိန်းနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကလေးငယ်များအား ထိုးခဲ့သောဆေးကို အန္တရာယ်ကင်း၊ မကင်း မြန်မာနိုင်ငံ၏ အကောင်းဆုံးဓာတ်ခွဲခန်းတွင် အသေးစိတ်စမ်းသပ်စစ်ဆေးမှုပြုလုပ်နေ ကလေးငယ်များ ရောဂါဖြစ်ပွားမှုကို ယခုဆေးကြောင့် ဟုတ်၊ မဟုတ် ဖော်ထုတ်သွားမည်ဖြစ်

စာမျက်နှာ - ၃

## နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်း

စာမျက်နှာ - ၇




**ကြေးမုံ စာ တည်း ရှု ထောင့် ၁၂-၃-၂၀၁၆၊ စနေနေ့**

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရွေ့ခရီး

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုများကို တစ်စတစ်စ လျှော့ချနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယခင်က ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခဲ့ရာ စစ်တမ်းများအရ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၃၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၅ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့သည်။ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ပထမငါးနှစ်သက်တမ်းအတွင်း နှစ်ကြိမ်ကောက်ယူခဲ့ခြင်းဖြစ်ပြီး ထပ်မံ၍စစ်တမ်းကောက်ယူခြင်း မရှိသေးသော်လည်း မျက်မှောက်ကာလတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မူလထက် လျော့နည်းနိုင်သည်ဟု ယူဆရသည်။

ဆင်းရဲနွမ်းပါးမှုဆိုသည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ ကိုယ်ရည်ကိုယ်သွေးများနှင့် အဓိကသက်ဆိုင်ပြီး လက်ရှိတွင် ဆင်းရဲနွမ်းပါးမှု နိုင်ငံ၏အဆင့်အတန်းနှင့် နိုင်ငံတကာအဆင့်အတန်းများတွင် အဆင့်မြင့်နေသေးသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှုပြဿနာများကို နိုင်ငံ၏စွမ်းဆောင်နိုင်မှုအခြေအနေအရသော်လည်းကောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း၍သော်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရာတွင် အစိုးရက မဟာဗျူဟာမူဘောင် ဗျူဟာငါးရပ်ရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့သည်ဟု သိရသည်။ ယင်းတို့မှာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးစီမံကိန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ အပါအဝင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်စီမံကိန်းများအဖြစ် တစ်နိုင်ငံလုံးလွှမ်းခြုံအကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မဟာဗျူဟာအရ ကောင်းမွန်သော်လည်း အကောင်အထည်ဖော်သူများနှင့် ကျေးလက်ဒေသမှ ကာယကံရှင်များ၏ လက်တွေ့ဆောင်ရွက်နိုင်မှုအခြေအနေများအရ အောင်မြင်မှုအနည်းအများ ရှိမည်ဖြစ်သည်။ စီမံကိန်းကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အတွက် ပြဋ္ဌာန်းထုတ်ဝေထားသည့် လက်စွဲစာစောင်များ၊ လမ်းညွှန်ချက်များအား လက်တွေ့ဆောင်ရွက်ကြရာ၌ ထိထိရောက်ရောက်အသုံးချသင့်သည်။

လယ်ယာထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွား၊ အသေးစားကုန်ထုတ်လုပ်ငန်းများ၊ အသေးစားပုဂ္ဂလိကလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာရင်းအင်းအချက်အလက်များကောက်ယူရေးနှင့် စိစစ်အကဲဖြတ်ရေး စသည့်လုပ်ငန်းများအား ပြန်လည်စိစစ်အကဲဖြတ် သုံးသပ်ပြီး အားနည်းချက်များကိုပြင်ဆင်၍ ပိုမိုအောင်မြင်နိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကာ ဆင်းရဲမှုလျော့ကျလာအောင် ဆောင်ရွက်သင့်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုဘဝအခြေအနေများမှာ အရေးကြီးသဖြင့် ပြည်သူများအား ဖန်တီးဖော်ဆောင်ပေးရာ၌ ပြည်သူတစ်ဦးချင်းစီ၏ ပကတိအခြေအနေမှန်နှင့် လုပ်ဆောင်နိုင်မှုစွမ်းအားများကိုလည်း အသေးစိတ်လေ့လာဆန်းစစ်ကာ လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်မည့်အခြေအနေများအလိုက် လိုအပ်ချက်အတိုင်း အကောင်အထည်ဖော်သွားမည်ဆိုလျှင် အောင်မြင်မှုပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

အချို့သောအရပ်ဒေသများတွင် ပြည်သူများ၏ပါဝင်ဆောင်ရွက်နိုင်မှုစွမ်းပကားနည်းပါးမှု ရှိနိုင်သလို အချို့အရပ်ဒေသများတွင် ပတ်ဝန်းကျင်၏ လုပ်ကိုင်နိုင်မှု အခွင့်အလမ်းများနည်းပါးနေမှုများလည်း ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စီမံကိန်းလျာထားချက်မဟာဗျူဟာအရ ဒေသများ၏ပကတိအခြေအနေများနှင့်ကိုက်ညီမည့် ဆောင်ရွက်မှုများ၊ ပြုပြင်ဆောင်ရွက်ရမည့် အစီအမံများဖြင့် လိုက်လျောညီထွေစွာ ဆောင်ရွက်သွားခြင်းဖြင့် တိုးတက်မှုနှုန်း ပိုမိုမြန်ဆန်လာစေရေး ကြိုးပမ်းအားထုတ်သင့်သည်။

မည်သို့ပင်ဖြစ်စေ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့်ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အလျင်အမြန်ဆောင်ရွက်ပေးနေသောလုပ်ငန်းများဖြစ်၍ မှန်ကန်တိကျသော စာရင်းအင်းအချက်အလက်များကောက်ယူကာ ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ချက်ချင်းနုတ်၊ ချက်ချင်းစိုက် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုး

**နေပြည်တော် မတ် ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၉ ရက် နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူး(အနောက်)ကျေးရွာအနီး စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် စိုက်ကွင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော အဖို (R) လိုင်း၊ အမ (A) လိုင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**

စိုက်ကွင်းအတွင်း ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးပညာရှင်များနှင့် စိုက်ကွင်းဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တောင်သူလယ်သမားများ လက်တွေ့ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် တစ်ဧက တင်း ၂၀၀ ကျော်အထက် အမှန်ထွက်ရှိနိုင်သော "ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့" များ တိုးတက်စိုက်ပျိုးရေး၊ ထုတ်လုပ်ရေးကို စိုက်ပျိုးရေးပညာရှင်များ၊ မျိုးစေ့ထုတ်ပညာရှင်များက မိမိတို့၏ ကျရာအခန်းကဏ္ဍမှ နီးနီးကပ်ကပ် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးပမ်းဆောင်ရွက်ကြရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အချိန်မီ တောင်သူလယ်သမားများ လက်ဝယ်သို့ အရည်အသွေးရာနှုန်းပြည့် အာမခံနိုင်သည်အထိ အရည်အသွေးပိုင်းအား အထူးဂရုပြုပြီး ထုတ်လုပ်သွားကြရန်နှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှုတို့ကို ဆွေးနွေးမှာကြားပြီး စိုက်ကွင်းဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နွေစပါးရာသီ ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်းအတွင်း "ချက်ချင်းနုတ်၊ ချက်ချင်းစိုက် သိပ္ပံနည်းကျ စိုက်နည်းစနစ်" ဖြင့် ကောက်စိုက်လုံမေများ တပျော်တပါး စိုက်ပျိုးနေကြမှုများကို ရင်းရင်းနှီးနှီး ကွင်းဆင်းကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**အိမ်မဲ မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် မတ် ၁၀ ရက် နံနက်ပိုင်းက စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူး ၄၀ တက်ရောက်ခဲ့ကြပြီး ပြည်သူများ စာပေအသိပညာတိုးပွားရေး၊ ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ ကျေးလက်နေပြည်သူများ စာဖတ်ခြင်းအလေ့အထ ပိုမိုတိုးပွားလာစေရေး၊ စာဖတ်ခြင်းဖြင့် အသိပညာတိုးကာ လူမှုဘဝ တိုးတက် မြင့်မားလာစေရေးတို့ကို မတ် ၁၁ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဧပြီ ၁ ရက်တွင် ငွေကျပ် ၂၀၀ တန် ထီဖွင့်မည်

**ရန်ကုန် မတ် ၁၁**

(၃၂၇)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဧပြီ ၁ ရက်(သောကြာနေ့) နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀(၁)ဆု၊ ကျပ်သိန်း ၁၀၀၀(၂)ဆု၊ ကျပ်သိန်း ၅၀၀(၅)ဆု၊ ကျပ်သိန်း ၃၀၀(၆)ဆု၊ ကျပ်သိန်း ၂၀၀(၇)ဆု၊ ကျပ်သိန်း ၁၀၀(၁၈)ဆု၊ ကျပ်သိန်း ၅၀(၂၀)ဆု၊ ကျပ် ၂၅ သိန်း(၂၀)ဆု၊ ကျပ် ၁၀ သိန်း(၃၀)ဆု၊ ကျပ် ၅သိန်း(၃၄)ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံးတူ (၁၀)ယူနစ်အတွက် ကျပ် ၃ သိန်း(၁၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံးတူ (၁၀)ယူနစ်အတွက် ကျပ် ၂ သိန်း(၁၀၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း (၃)လုံးတူ (၉)ယူနစ်အတွက် ကျပ် ၁ သိန်း (၉၀၀၀)ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံးတူ (၃)ယူနစ်အတွက် ကျပ် ၅ သောင်း(၃၀၀၀၀)ဆု အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲက သတင်းထုတ်ပြန်သည်။**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၉၅၀၀၀ - ၇၉၅၀၀၀ | မန္တလေး(ရွှေဈေး) | ၇၉၄၅၀၀ - ၇၉၄၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၃. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇. ၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၆၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၇. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၈၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈. ၃၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂. ၅၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

# နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု စနစ်တကျရှိစေရေးနှင့် ဝန်ကြီးဌာနများလွှဲပြောင်းမှု ချောမွေ့အဆင်ပြေရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် သမ္မတအိမ်တော်၌ ကျင်းပမည့် နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းသည့် အခမ်းအနား၊ အမျိုးသားအဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာမူဘောင်ဖြစ်ပေါ်လာရေး ဆောင်ရွက်ချက်များနှင့် လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းပေါက်လာချိန်တွင် အမြဲတမ်းအတွင်းဝန်များက ရှင်းလင်းတင်ပြမည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပဉ္စမအကြိမ်ညှိနှိုင်းအစည်းအဝေးကို မတ်လလယ်တွင်ကျင်းပရန် သဘောတူညီကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်



အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာအောင်သူတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ကလေးငယ်များအား ထိုးခဲ့သောဆေးကို အန္တရာယ်ကင်း၊ မကင်း မြန်မာနိုင်ငံ၏ အကောင်းဆုံးဓာတ်ခွဲခန်းတွင် အသေးစိတ်စမ်းသပ်စစ်ဆေးမှုပြုလုပ်နေ ကလေးငယ်များ ရောဂါဖြစ်ပွားမှုကို ယခုဆေးကြောင့် ဟုတ်၊ မဟုတ် ဖော်ထုတ်သွားမည်ဖြစ်

**နေပြည်တော် မတ် ၁၁**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးကင်းစ ကလေးငယ်များအား အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးပြီးနောက် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာ ဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင်လည်း ဦးနှောက်ရောင်ရောဂါသံသယဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ယင်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ယနေ့ နံနက် ၁၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန၌ ပြုလုပ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပဲခူးမြို့တွင် ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ "ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကလေးငယ်များ ကာကွယ်ဆေးထိုးပြီး နောက်ပိုင်း အသက်ရှုကျပ်ခြင်း၊ ရုတ်တရက်တက်ခြင်းများဖြစ်ခဲ့ကြောင်း၊ ကနဦးစစ်ဆေးချက်များအရ မွေးကင်းစကလေးများတွင် ပိုးဝင်၍ဖြစ်သည့် လက္ခဏာများတွေ့ရကြောင်း၊ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို အသေးစိတ်သိရှိနိုင်ရန် သမားတော်များ၊ ကလေးအထူးကုများ၊ သက်ဆိုင်ရာ အထူးကုဆရာဝန်များ ပါဝင်သည့် အဖွဲ့များဖွဲ့၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ လက်ရှိအချိန်တွင် အဖြေအချို့ကို ရရှိထားပြီးဖြစ်ကြောင်း၊ ရောဂါဖြစ်နေသည့် ကလေးများကို သေချာစောင့်ကြပ်ကြည့်ရှုကုသနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

သာစည်မြို့နယ် ကိစ္စနှင့်ပတ်သက်၍ မတ် ၅ ရက်နှင့် ၈ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း ကျေးရွာများတွင် နေထိုင်သည့် အသက် ၅ နှစ်မှ ၉ နှစ်အရွယ်ကလေးငယ်ခုနစ်ဦး ရုတ်တရက်တက်ခြင်း၊ အန်ခြင်း၊ သတိလစ်ခြင်းစသည့် ဦးနှောက်ရောင် ရောဂါလက္ခဏာများဖြင့် မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ခဲ့ကြောင်း၊ ယင်းအနက်မှ ကလေးငယ်အချို့ အသက်ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ သတင်းကြားလျှင်ကြားခြင်း ဖြစ်စဉ်အခြေအနေများ စုံစမ်းရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်ပွားခဲ့သည့် ကျေးရွာများ အပါအဝင် သာစည် မြို့နယ်အတွင်းရှိသည့် ကျေးရွာများ၌ ရောဂါကူးစက်ခြင်း ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက ပဲခူးဖြစ်စဉ်နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ကရောဂါနှစ်မျိုးလောက်သာ ကာကွယ်နိုင်သည့် အခြေအနေမှ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများနည်းတူ ယခုရောဂါ ၁၃ မျိုးအထိ ကာကွယ်ဆေးထိုး၍ ကာကွယ်နိုင်ပြီဖြစ်ပါကြောင်း။

မွေးမွေးခြင်း ကလေးငယ်များထိုးနိုင်သည့် ကာကွယ်ဆေးနှစ်မျိုးရှိပြီး တစ်မျိုးမှာ ဘီစီဂျီကာကွယ်ဆေးဖြစ်ကာ ကျန်တစ်မျိုးမှာ အသည်းအရောင် အသားဝါကာကွယ်ဆေးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးပြီးနောက်ဆက်တွဲဖြစ်ရပ်များအား ဖြစ်ပွားမှုမရှိစေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများ ပေးထားပြီးဖြစ်ကြောင်း၊ ဆေးနှင့်ပတ်သက်၍ ရောင်းသည့်ဆေးဆိုင်တွင် ဆေးသိုလှောင်ပုံ၊ ဆေးလက်ကျန်ရှိ၊ မရှိ၊ အဆိုပါဆေးများ ဆရာမလက်ထဲသို့ ရောက်လာသည့် အဆင့်အထိ စစ်ဆေးမှုများပြုလုပ်နေပြီး ဆေးနှင့်ပတ်သက်သည့် အချက်အလက်များကို စုဆောင်းနေကြောင်း။

သာစည်မြို့နယ် ဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ကို ဖြစ်ပွားသည့်ကျေးရွာသို့ ကွင်းဆင်း ဆောင်ရွက်စေခဲ့ပါကြောင်း၊ မတ် ၅ မှ ၁၀ ရက်အတွင်း ဦးနှောက်ရောင်ရောဂါသံသယဖြစ်ပွားသူကိုးဦး တွေ့ရှိခဲ့ကြောင်း၊ လေးဦးသေဆုံးခဲ့ပြီး ငါးဦးအား မိတ္ထီလာဆေးရုံကြီးတွင် ကြပ်မတ်ကုသမှုကြောင့် သက်သာလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားသူ နောက်ထပ်မရှိကြောင်း၊ ဖြစ်ပွားခဲ့သည့် ရွာများတွင် ယာယီဆေးခန်းများဖွင့်၍ နေ့စဉ်စောင့်ကြပ်ကြည့်ရှုနေကြောင်း၊ ထို့ပြင် လူနာအသစ်များကိုရှာဖွေ၍ အိမ်အထိလိုက်လံကုသပေးနေပြီး လိုအပ်ပါက ဆေးရုံသို့ ပို့ဆောင်ကုသပေးကြောင်း၊ ရောဂါဖြစ်ပွားခဲ့သည့် ကျေးရွာများတွင် ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ရောဂါဖြစ်ပွားလာလျှင်လည်း ပြင်းထန်မှု မရှိနိုင်ကြောင်းနှင့် အသက်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ ယခုအချိန်တွင် သာစည်မြို့နယ်အတွင်း ရောဂါဖြစ်ပွားခဲ့သည့် နေရာများကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ကလေးငယ် ၁၄ ဦး အသည်းရောင်အသားဝါ ဆေးထိုးပြီးသည့် နောက်ပိုင်းတွင် ရုတ်တရက်တက်ခြင်း၊ အသက်ရှုကျပ်ခြင်း လက္ခဏာများတွေ့ကြောင်း၊ ကလေးတစ်ဦးစီ၏ အခြေအနေကို သေချာစောင့်ကြည့်ပြီး လိုအပ်သည့် ကုသမှုများပေးခဲ့ကြောင်း၊ ရောဂါပြင်းထန်သော ကလေးများကို ရန်ကင်းကလေးဆေးရုံတွင် ပြုစုစောင့်ရှောက်နေကြောင်း၊ ဖြစ်စဉ်တွင် ကလေးငယ် ၂၈ ဦး ပါဝင်သည့်အတွက် ကျန်ကလေးငယ်များအား ဆေးရုံပြန်ခေါ်၍ စောင့်ကြပ်ကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးနေကြောင်း။

ယနေ့ မတ် ၁၁ ရက် နေ့လည် ၁၁ နာရီ သတင်းပေးချက်အရ ကလေးငယ်များ၏ အခြေအနေမှာ ထပ်မံဆိုးရွားလာခြင်းမရှိဘဲ တည်ငြိမ်သည့် အခြေအနေရှိကြောင်းနှင့် လိုအပ်သည့် ကုသမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အသက်ဇီဝနှင့်ပတ်သက်ပြီး ထုတ်လုပ်ထားသည့် ဆေးများကို WHO က အသိမှတ်ပြုမှသာ လက်ခံစစ်ဆေးပါကြောင်း၊ ယခု ဆေးသည် WHO ၏ အသိမှတ်ပြုထားသော ဆေးဖြစ်သည့်အတွက် အန္တရာယ်ကင်းနိုင်သည်ဟု ယူဆနိုင်ကြောင်း၊ သို့သော်လည်း ကလေးငယ်များအား ထိုးခဲ့သောဆေးကို အန္တရာယ်ကင်း၊ မကင်း မြန်မာနိုင်ငံ၏ အကောင်းဆုံးဓာတ်ခွဲခန်းတွင် အသေးစိတ် စမ်းသပ်စစ်ဆေးမှုပြုလုပ်နေကြောင်း၊ စစ်ဆေးနေဆဲဖြစ်သည့် ယခုဆေးအား ရောင်းဝယ်ခြင်းမပြုရန် တားမြစ်ထားပါကြောင်း၊ ကလေးငယ်များ ရောဂါဖြစ်ပွားမှုကို ယခုဆေးကြောင့် ဟုတ်/မဟုတ် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ သေချာအောင်ဖော်ထုတ်စစ်ဆေးပြီး ယခုဆေးကြောင့်ဖြစ်ပါက ကုမ္ပဏီကြီးများ၊ WHO၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**



## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၁-၃-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေသက်တမ်းတိုးတစ်ဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူရှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်တစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၁ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်းတစ်ဦးကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၈၀၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၂ ဦးနှင့် အသစ်လျှောက်ထားသူ ၇၅၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၈ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၉၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ သုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်အငြင်းပွားကျွန်းသို့ တရုတ်က လေကြောင်းခရီးစဉ် ပျံသန်းမည်ဟုဆို

**ပေကျင်း မတ် ၁၁**

တောင်တရုတ်ပင်လယ်ရှိပိုင်နက်နယ်မြေ အငြင်းပွားနေသော ကျွန်းတစ်ကျွန်းသို့ အရပ်ဘက်လေယာဉ်ခရီးစဉ်ပျံသန်းမှုကို တစ်နှစ်အတွင်း စတင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပါရာဆယ်ကျွန်းစု ဝူဒီကျွန်းရှိ ဆန်းရှားမြို့သို့ လေကြောင်းခရီးစဉ်များ ပျံသန်းရန် တရုတ်အာဏာပိုင်များက စီစဉ်နေကြောင်း၊ ယင်းမြို့သည် တောင်တရုတ်ပင်လယ်ရှိ တရုတ်နိုင်ငံထိန်းချုပ်ထားသော ကျွန်းစုများ၊ ကျောက်တန်းများနှင့်ပတ်သက်၍ စီမံခန့်ခွဲအုပ်ချုပ်သည့် အခြေစိုက်စခန်းအဖြစ် ရပ်တည်နေကြောင်း သတင်းတွင်ဖော်ပြသည်။

တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်မြေအငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေသော ကျွန်းများနှင့် ကျောက်တန်းများတွင် အခြေခံအဆောက်အအုံတိုးချဲ့နိုင်ရန် တရုတ်အစိုးရအဖွဲ့က ကြိုးပမ်းနေသည်ဆို၏။

တရုတ်နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝသော တောင်တရုတ်ပင်လယ်၏ နယ်မြေအများစုကို ပိုင်ဆိုင်သည်ဟု ကြေညာထားသည်။ တောင်တရုတ်ပင်လယ်သည် နိုင်ငံတကာပင်လယ်ရေကြောင်း ကုန်သွယ်ရေးတွင် အချက်အချာကျလှပြီး ယင်းရေကြောင်းလမ်းကိုဖြတ်သန်း၍ ကုန်သွယ်မှုပမာဏမှာ နှစ်စဉ်ဒေါ်လာ ငါးထရီလီယံခန့်အထိရှိသည်။

ကမ္ဘာပေါ်တွင် ကုန်သွယ်ရေကြောင်းသင်္ဘောများ ခေါက်တုံ့လူးလာ အသွားအလာအများဆုံး ရေလမ်းကြောင်း တည်ရာနယ်မြေအတွင်း တရုတ်နိုင်ငံက အခြေခံအဆောက်အအုံခိုင်မာလာအောင် လုပ်ဆောင်နေခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက စိုးရိမ်ပူပန်မိသည်ဟု ထုတ်ပြန်ပြောကြားခဲ့သည်။

**ရိုက်တာ။**

## ရေသုံးစွဲမှုခြိုးခြံချွေတာနိုင်ရေး ထိုင်းရိုးရာရေသဘင်ပွဲတော်ကာလ လျှော့ချမည်

**ဗန်ကောက် မတ် ၁၁**

ဆယ်စုနှစ် နှစ်စုတာကာလအတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုကို တွေ့ကြုံခံစားနေရသော ထိုင်းနိုင်ငံတွင် ရိုးရာဆွန်ခရမ်ရေသဘင်ပွဲတော်ကို နှစ်စဉ်ကျင်းပမြဲလေးရက်အစား သုံးရက်မျှသာ ကျင်းပဖွယ်ရှိကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် ဗန်ကောက်မြို့တော် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဆွန်ခရမ်ရေသဘင်ပွဲတော်ကျင်းပရေးကော်မတီထံ ပွဲတော်ကျင်းပရက်အဖြစ် ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပရန် အဆိုပြုမည်ဖြစ်သည်။ ထိုင်းရိုးရာရေသဘင်ပွဲတော်ကို နှစ်စဉ်ဧပြီ ၁၂ ရက်တွင် စတင်ကျင်းပမြဲဖြစ်သည်။

ယခုနှစ်တွင် ရေပြတ်လပ်မှုအကျပ်အတည်းနှင့်ကြုံတွေ့နေမှုကို ထောက်ချင့်၍ ဆွန်ခရမ်ရေသဘင်ပွဲတော်ကျင်းပမည့်ရက်ကို လျှော့ချရန် အဆိုပြုရခြင်းဖြစ်ကြောင်း ဗန်ကောက်မြို့တော်ဒုတိယအုပ်ချုပ်ရေးမှူး အာမွန်ကီချာဗမ်ကူးလ်က ပြောကြားသည်။ မြို့တော်ဗန်ကောက်နှင့် ကပ်လျက်ရှိသော ပြည်နယ်တွင်လည်း ဗန်ကောက်မြို့တော်နည်းတူ ဆွန်ခရမ်ပွဲတော်ကာလ ရေခြိုးခြံစုဆောင်းသွားရန် တိုက်တွန်းပြောကြားသည်။ဗန်ကောက်မြို့တော်၏ နေ့စဉ်ရေသုံးစွဲမှုပမာဏမှာ လီတာသန်းနှစ်ထောင် အထိရှိပြီး မိုးခေါင်မှုနှင့် ကြုံတွေ့နေရစဉ်တွင် မြို့တော်၏ရေသုံးစွဲမှုကို ၂၀ ရာခိုင်နှုန်းအထိလျှော့ချရန် ရည်မှန်းထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။



၂၀၁၅ ခုနှစ် ထိုင်းရိုးရာရေသဘင်ပွဲတော်တွင် ခရီးသွားဧည့်သည်များ ပါဝင်ဆင်နွှဲနေကြစဉ်။

မိုးခေါင်မှုဒဏ်နှင့် ရင်ဆိုင်နေရသည့် ထိုင်းနိုင်ငံ၏ အဓိကဆည်တမံများ၏ ရေစုမှတ်များမှာ ၁၉၉၄ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအမှတ်ထိ ကျဆင်းနေပြီး ပြည်နယ်ပေါင်း ၁၂ ပြည်နယ်ရှိခရိုင် ၄၆ ခုတွင် မိုးခေါင်မှုဆိုင်ရာ သဘာဝဘေးအန္တရာယ် ကျရောက်နေသည့် ဇုန်များအဖြစ် သတ်မှတ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

## တရုတ်တွင် ၂၀၁၅ ခုနှစ်အတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ ၁၀၀၀၀၀ နီးပါးဖြစ်ပွား

**ပေကျင်း မတ် ၁၁**

အမျိုးသား ပြည်သူ့ကွန်ဂရက်နှစ်ပတ်လည်အစည်းအဝေး၏ သီးခြားကဏ္ဍတစ်ခုအနေဖြင့် မတ် ၁၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၂၀၁၅ ခုနှစ်အတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ ၁၀၀၀၀၀ နီးပါးခန့်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ဒဏ်ငွေများပေးဆောင်စေခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ချန်ဂျီနင်က ပြောကြားသည်။




သဘာဝ ပတ်ဝန်းကျင်ရေးရာ တာဝန်ရှိသူများသည် လွန်ခဲ့သည့်နှစ်အတွင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာပြစ်မှု ၉၇၀၀၀ခန့်နှင့် ပတ်သက်၍ ကုမ္ပဏီများနှင့် အခြားလူပုဂ္ဂိုလ်များကို ဒဏ်ငွေချမှတ်အရေးယူမှုများ ပြုလုပ်ခဲ့ရကြောင်း ချန်က ပြောကြားသည်။ ဒဏ်ငွေချမှတ်မှုမှ ဒေါ်လာသန်း ၆၅၀ ခန့်ရရှိခဲ့ပြီး နှစ်စဉ် ၃၄ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လွန်ခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် လုပ်ရပ်များနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင်မူ တရုတ်နိုင်ငံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့် လုပ်ငန်းများကို အခွန်ကောက်ခံမည့် ဥပဒေပြဋ္ဌာန်းနိုင်ရန် ကြိုးစားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## လစ်ဗျားရှိနယ်မြေများကို ထိန်းချုပ်ရန် အိုင်အက်စ်အဖွဲ့ ကြိုးပမ်းနေဟုဆို

**ကုလသမဂ္ဂ မတ် ၁၁**

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)အဖွဲ့သည် လစ်ဗျားနိုင်ငံ၌ ပိုင်နက်နယ်မြေတိုးချဲ့မှု အကြီးအကျယ်ပြုလုပ်လျက်ရှိကြောင်း၊ အာဖရိကမြောက်ပိုင်းရှိ ယင်းနိုင်ငံ၌ အဓိကခြေကုပ်စခန်းအဖြစ် ရပ်တည်နိုင်ရန် အိုင်အက်စ်အဖွဲ့က ကြိုးပမ်းနေကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းသော နှစ်ပတ်လည်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံသည် အိုင်အက်စ်အဖွဲ့အတွက် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများကို ဆွဲဆောင်နိုင်သောနိုင်ငံဖြစ်လာနေသည်။ ဆူဒန်၊ တူနီးရှားနှင့် တူရကီနိုင်ငံတို့မှတစ်ဆင့် နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ လစ်ဗျားသို့ဝင်ရောက်ကာ ယင်းအဖွဲ့နှင့်ပေါင်းစည်းလျက်ရှိကြကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူပညာရှင်များက ပြုစုထားသောအစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့၏ ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာလက လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဒါနာမြို့၌အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်အဖွဲ့၏ယခင်ခေါင်းဆောင် အဘူနာဘီးလ်သေဆုံးခဲ့ရသည်။

လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့ကို ခြေမှုန်းနိုင်ရန် ပြည်ပနိုင်ငံများမှ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ ရောက်ရှိနေသည်ဟု ကုလသမဂ္ဂကျွမ်းကျင်သူများက သတင်းရရှိခဲ့ပြီး အတည်ပြုနိုင်ရန်စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဆို၏။

**ရိုက်တာ။**

## တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကြည့်ရှု

**ပြုံယမ်း မတ် ၁၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တိုက်ချင်းပစ် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုတစ်ရပ်ကို စောင့်ကြည့်ခဲ့ပြီး နျူကလီးယားလက်နက်များစမ်းသပ်မှုကို ဆက်လက်လုပ်ဆောင်ရန်ကတိပြုလိုက်ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနက မတ် ၁၁ ရက်တွင် ပြောကြားသည်။

ရန်သူ၏ဆိပ်ကမ်းတစ်ခုအပေါ် တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ဟန်ဆောင်သော မြောက်ကိုရီးယားတပ်မတော်၏ စစ်ရေးလေ့ကျင့်မှုတစ်ရပ်သို့ ကင် တက်ရောက်ခဲ့ခြင်းဖြစ်သည်ဟု KCNA ကဆိုသည်။ နျူကလီးယားလက်နက်များ တီထွင်ထုတ်လုပ်ရမည့် လုပ်ငန်းကို တိုးမြှင့်လုပ်ဆောင်သင့်ကြောင်း ကင် ၏ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းဌာနက ပြောကြားသည်။ မြေပြင်၊ ဝေဟင်၊ ရေပြင်နှင့်မြေအောက်တွင် ရန်သူများအပေါ် နျူကလီးယား တိုက်ခိုက်မှုများပြုလုပ်ရန် တိုင်းပြည်အတွက် အထောက်အကူပြုသော ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရမည်ဟု ကင်ကပြောကြားခဲ့သည်ဟု ဆိုသည်။

အသစ်တီထွင်ထုတ်လုပ်လိုက်သော နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များကို အကဲဖြတ်သော နျူကလီးယားစမ်းသပ်မှုများနှင့် တိုင်းပြည်၏နျူကလီးယား တိုက်ခိုက်မှုစွမ်းပကား တိုးတက်ရေးစမ်းသပ်မှုများ ဆက်လက်ဆောင်ရွက်ရန် ကင်က အမိန့်များ ထုတ်ပြန်ခဲ့သော်လည်း မည်သည့်အချိန်၊ မည်သည့်နေရာတွင်ဒုံးကျည်စမ်းသပ်မှု ပြုလုပ်မည်ဆိုသည်ကို သတင်းများကဖော်ပြမထားပေ။ မြောက်ကိုရီးယားနိုင်ငံက မတ် ၁၀ ရက်တွင် စကပ်ဒုံးကျည်ဟုယူဆရသောဒုံးကျည်နှစ်စင်းအား ဂျပန်ပင်လယ်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်းသိရသည်။

မြောက်ကိုရီးယားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှချမှတ်ခဲ့သော ပိတ်ဆို့မှုအသစ်များနှင့် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ နှစ်စဉ်ပြုလုပ်နေကျ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြတ်သားစွာ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် နျူကလီးယား



ဒုံးကျည်များဖြန့်ကြက်ရန် သို့မဟုတ် အမေရိကန်ပြည်ထောင်စုအပေါ် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ချီတုံချတုံဖြစ်နေမည်မဟုတ်ဟု ပြုံယမ်းက တရားဝင် မီဒီယာများမှတစ်ဆင့် အရိပ်အမြွက်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ။**

# ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူတို့၏ ကိုယ်ရေးအချက်အလက်အကျဉ်း

**နေပြည်တော် မတ် ၁၁**

မတ်လ ၁၁ ရက်တွင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဦးထင်ကျော်အားလည်းကောင်း၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဦးဟင်နရီဗန်ထီးယူအားလည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)အားလည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ၎င်းတို့၏ အမည် စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ အသီးသီးတင်သွင်းမည်ဖြစ်ကြောင်း သိရှိရသည်။

**ဦးထင်ကျော်**

ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူတစ်ဦးဖြစ်သည့် ဦးထင်ကျော်မှာ ဦးဝန် (စာရေးဆရာကြီး မင်းသုဝဏ်)- ဒေါ်ကြည်ကြည်တို့၏ သားဖြစ်ပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကွမ်းခြံကုန်းမြို့၌ မွေးဖွားသည်။ ဦးထင်ကျော်သည် ၁၉၆၂ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် စီးပွားရေးပညာဘွဲ့နှင့် ၁၉၆၈ ခုနှစ်တွင် မဟာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ဗြိတိန်နိုင်ငံတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အစိုးရဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၉၂ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။ ဦးထင်ကျော်သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်ပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ ၎င်း၏ဇနီးမှာ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်ဖြစ်သည်။

**ဦးဟင်နရီဗန်ထီးယူ**

ထို့ပြင် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူတစ်ဦးဖြစ်သည့် ဦးဟင်နရီဗန်ထီးယူသည် ချင်းတိုင်းရင်းသားတစ်ဦးဖြစ်ပြီး ဦးလျံတလုံး - ဒေါ်ငွန်ပါးရ်တို့၏သားဖြစ်ကာ ၁၉၅၈ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာ၌ မွေးဖွားသည်။ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ပြီး B.A (Dip in Law) ဘွဲ့ ရရှိခဲ့သည်။ တပ်မတော်အရာရှိတစ်ဦးဖြစ်ပြီး တပ်မတော်မှ အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်၍ ထိုမှ အငြိမ်းစားယူခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ဇနီးမှာ ဒေါက်တာဆွေလွမ်းဖြစ်ကာ သားနှစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (အငြိမ်းစား)**

ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ နောက်တစ်ဦးမှာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (အငြိမ်းစား) ဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)သည် ဦးကြီးမောင်-ဒေါ်ကြည်တို့၏ သားဖြစ်ပြီး ၁၉၅၁ ခုနှစ် ဇွန်လ ၂၄ ရက်တွင် မန္တလေးမြို့၌ ဖွားမြင်သည်။ စစ်တက္ကသိုလ်အမှတ်စဉ် (၁၅)သို့ ၁၉၇၁ ခုနှစ်တွင် တက်ရောက်ခဲ့ပြီး တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အိမ်ထောင်ရှင်တစ်ဦးဖြစ်ကာ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။

❒ ကျောဖုံးမှ

တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး ရှိသည့်အနက် ၁၆၇ ဦး တက်ရောက်ပြီး ၁ ဦး ခွင့်တိုင်ကြားခဲ့သည်။

အစည်းအဝေးအစီအစဉ်များအရ ဒုတိယသမ္မတများကို လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြရာတွင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၌ ဆန္ဒမဲပေးသူ(၃၁၇)ဦးအနက် ဦးထင်ကျော်က ထောက်ခံမဲ (၂၇၄)မဲနှင့် ဒေါက်တာစိုင်းမောက်ခမ်းက ထောက်ခံမဲ (၂၉)မဲရရှိကြပြီး ပယ်မဲမှာ(၁၄)မဲရှိသဖြင့် မဲအများဆုံးရရှိသော ဦးထင်ကျော်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

ထို့အတူ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၌ ဆန္ဒမဲပေးသူ (၁၆၇)ဦး အနက် ဦးဟင်နရီဗန်ထီးယူက ထောက်ခံမဲ (၁၄၈)မဲနှင့် ဦးခင်အောင်မြင့်က ထောက်ခံမဲ (၁၃)မဲရရှိကြပြီး ပယ်မဲမှာ (၆)မဲရှိသဖြင့် မဲအများဆုံးရရှိသော ဦးဟင်နရီဗန်ထီးယူအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

အဆိုပါ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ ရွေးချယ်တင်မြှောက်ခဲ့သော ဒုတိယသမ္မတအမည်များကို ပြည်ထောင်စုလွှတ်တော်နာယကထံ ဆက်လက်တင်သွင်းမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမ၌ ဒုတိယသမ္မတရွေးချယ်ရေး အစည်းအဝေးကို ကျင်းပရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦး စုံလင်စွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းလွင်က ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (အငြိမ်းစား)အား ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုတင်သွင်းပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင်က ထောက်ခံသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် သဘာပတိက ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား) အား တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ပြီး ၎င်းအမည်ကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မုံရွာဆိပ်ကမ်းတွင် စက်သုံးဆီအတင်/အချ မပြုလုပ်ကြရန် တားမြစ်ထားသော်လည်း တင်ချမှုကို ပြုလုပ်နေကြဆဲဖြစ်

**မုံရွာ မတ် ၁၁**

မုံရွာမြို့ဆိပ်ကမ်းနယ်မြေအတွင်းရှိ ကုန်တင်နှင့်လူစီး အမြန်ရေယာဉ်များအနေဖြင့် စက်သုံးဆီပီပါများ အတင်/အချပြုလုပ်နိုင်ရန် မုံရွာတောင်တာဝါတိုင်အနီး ဆိပ်ကမ်းတွင် သတ်မှတ်ပေးထားပြီး ဆီပီပါအတင်/အချကို ပြုလုပ်ကြပါရန်နှင့် မုံရွာဆိပ်ကမ်းနယ်မြေအတွင်း လုံးဝအတင်/အချမပြုလုပ်ကြရန်၊ ပြုလုပ်သည်ကိုတွေ့ရှိပါက မတ် ၉ ရက်မှ စတင်အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအသိပေးထားသော်လည်း လက်ရှိတွင် မတ် ၁၁ ရက်အထိ သလ္လာဝတီဆိပ်ကမ်း၌ စက်သုံးဆီအတင်/အချများကို ပူပြင်းသောနေရောင်အောက်တွင် တွေ့နေရဆဲဖြစ်ကြောင်း ဒေသခံတို့၏ ခိုင်လုံသောသက်သေများအရ သိရသည်။

"ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက မတ် ၇ ရက်က ဆိပ်ကမ်းတစ်လျှောက်မှာရှိတဲ့ အမြန်ရေယာဉ်နဲ့ ကုန်တင်ရေယာဉ်တွေ ဆိပ်ကမ်းမှာဆီအတင်/အချ မလုပ်ဖို့နဲ့ သတ်မှတ်ထားတဲ့နေရာမှာသာ ပြုလုပ်ကြဖို့ အသိပေးထားသလို မတ် ၉ ရက်ကစပြီး အရေးယူတာတွေ ဆောင်ရွက်ဖို့အသိပေးထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် မတ် ၁၁ ရက်အထိ သလ္လာဝတီဆိပ်မှာ ဆီဘောက်ဆာအပါအဝင် စက်သုံးဆီတင်မော်တော်ကားတွေ၊ ထော်လာဂျီတွေဟာ နေပူပြင်းပြင်းအောက်မှာ ရေယာဉ်တွေပေါ်ကို ပီပါလိုက်တင်နေတာတွေ ရှိသေးသလို ပိုက်နဲ့ရေယာဉ်ပေါ်လှမ်းထည့်နေတာတွေတွေ့နေရဆဲပါ။ ဒါမျိုးကမဖြစ်သင့်ပါဘူး။ အထက်ကထုတ်ထားတဲ့ စည်းကမ်းကို ဖီဆန်ရာရောက်သလို လက်ရှိအနီးကပ်ကြီးကြပ်နေတဲ့ ရေကြောင်းက တာဝန်ရှိသူတွေကိုလည်း မထီမဲ့မြင်ရာကျနေပါတယ်"ဟု သလ္လာဝတီရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ခရီးသည်တင်ရေယာဉ်များအနေဖြင့် ရေယာဉ်စက်သုံးဆီအသုံးပြုရန်သာတင်ဆောင်ပြီး အစုန်/အဆန် သွားလာကြရန်နှင့် ကုန်တင်ရေယာဉ်များအနေဖြင့် ရေယာဉ်မောင်းဆီအပြင် စက်သုံးဆီသီးခြားတင်ဆောင်မည်ဆိုပါက အခြားကုန်ပစ္စည်းများနှင့် တွဲဖက်တင်ဆောင်ခြင်းမပြုဘဲ စက်သုံးဆီတစ်မျိုးကိုသာ တင်ဆောင်သွားလာကြပါရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဌာနက အကြောင်းကြားထားကြောင်း သိရသည်။ အဆိုပါအကြောင်းကြားမှုကို မုံရွာဆိပ်ကမ်းမှရေယာဉ်များနှင့် မုံရွာတောင်ဘက်မှ ဆန်တက်လာသော ရေယာဉ်များလိုက်နာနိုင်ရန် ဖေဖော်ဝါရီ ၂၃ ရက်က အသိပေးအကြောင်းကြားထားပြီးဖြစ်သလို ဆိပ်ကမ်းတစ်လျှောက် မတ် ၉ ရက်မှစတင်၍ ဆီတင်/ချသည်ကို တွေ့လျှင် အရေးယူဆောင်ရွက်သွားမည်ကို အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး)စီမံကိန်း ရာခိုင်နှုန်း ၈၀ ဆောင်ရွက်ပြီးစီး မတ်လကုန်၌ ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုမည်

**ရန်ကုန် မတ် ၁၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်တို့အားဆက်သွယ်ထားသော ငမိုးရိပ်ချောင်းကူး တံတားဖြစ်သည့် ငွေကျပ် ၅ ဒသမ ၈ ဘီလီယံကုန်ကျခံ တည်ဆောက်နေသော ငမိုးရိပ်တံတား (ဗိုလ်မှူးဗထူး) စီမံကိန်းဆောင်ရွက်နေမှုမှာ ရာခိုင်နှုန်း ၈၀ ဆောင်ရွက် ပြီးစီးနေပြီဖြစ်ပြီး မတ်လကုန်၌ ယာဉ်များဖြတ်သန်းသွားလာ ခွင့်ပြုတော့မည်ဖြစ်သည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူတည်ဆောက်နေသည့် အဆိုပါငမိုးရိပ်တံတား (ဗိုလ်မှူးဗထူး) စီမံကိန်းမှာ ယခင်တံတားဟောင်း၏ နံဘေး၌ တည်ဆောက်နေခြင်းဖြစ်ပြီး တံတားသစ်၏ မီတာအရှည်မှာ ၁၈၅ ဒသမ ၅ မီတာရှိကာ တံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ်ဖွဲ့စည်းထားပုံအရ နှစ်လမ်းသွား မောင်းနှင်နိုင်မည်ဖြစ်ကာ တံတားအကျယ်မှာ ၁၀ ဒသမ ၃၅ မီတာ ရှိသည်။ တံတားသစ်၏အမျိုးအစားမှာ အုတ်မြစ်ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး တံတားအောက်ထည်ပိုင်းမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အပေါ်ထည်ပိုင်း၌ ကြိုတင်အားဖြည့်သံကူကွန်ကရစ် ရက်မများအား အသုံးပြုထားကြောင်းသိရသည်။

လက်ရှိအနေအထားအရ တံတားသစ်၏ ကြမ်းခင်းဆောင်ရွက်ခြင်းလုပ်ငန်းများ အလုံးစုံပြီးစီးနေပြီဖြစ်ပြီး ချဉ်းကပ်လမ်းနှင့် တံတားလက်ရန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများသာကျန်ရှိတော့ကြောင်း သိရသည်။

မြောက်ဥက္ကလာပဘက်ခြမ်းရှိ တံတားသစ်ဧရိယာ ချဉ်းကပ်လမ်းဆောင်ရွက်မှုမှာ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး မြောက်ဒဂုံဘက်ခြမ်းရှိ ချဉ်းကပ်လမ်းဆောင်ရွက်မှုအားစတင်နေပြီဖြစ်ကာ တံတားဟောင်း၏ ချဉ်းကပ်လမ်းဧရိယာအား ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တံတားသစ်ဆောင်ရွက်ပြီးစီးလျှင် မြောက်ဥက္ကလာပ မြို့နယ်ဘက်မှ မြောက်ဒဂုံမြို့နယ်ဘက်သို့ အတက်လမ်းအဖြစ် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ပြီး တံတားဟောင်းမှာ မြောက်ဒဂုံမြို့နယ်ဘက်မှ မြောက်ဥက္ကလာပမြို့နယ်ဘက်သို့ အဆင်းလမ်းအဖြစ် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ကာ ယာဉ်သွားလမ်းမှာ နှစ်လမ်းသွား(အသွားအပြန်)မောင်းနှင်နိုင်မည်ဖြစ်သည်။ တံတားဟောင်းပေါ်၌ လူသွားလမ်းပလက်ဖောင်းပါဝင်ပြီး တံတားသစ်ပေါ်ရှိ တစ်ဖက်တစ်ချက်၌ ရေပိုက်ဆက်သွယ်ရန် သွားရာလမ်းကြောင်းနှင့် ကျန်အခြားတစ်ဖက်၌ လူသွားလမ်းပလက်ဖောင်း ပါဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက "တံတားသစ်တည်ဆောက်ရတဲ့ရည်ရွယ်ချက်က ယခင်တံတားဟောင်းပေါ်မှာ နေ့စဉ်နဲ့အမျှ ဖြတ်သန်းသွားလာကြတဲ့ ယာဉ်တွေဟာ ယာဉ်ကြောကျပ်တည်းမှုနဲ့ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်ဒီအခက်အခဲတွေကိုဖြေရှင်းနိုင်အောင် အဓိကထားပြီး ဒီတံတားသစ်ကို တည်ဆောက်လိုက်တာပါ။ ပြီးတော့လည်း တံတားဟောင်းပေါ်က ဖြတ်သန်းသွားလာကြတဲ့ပြည်သူတွေ ဒီတံတားပေါ်မှာအချိန်ကုန်ပြီး ကိုယ့်ရဲ့လုပ်ငန်းဆောင်တာတွေကို အချိန်နဲ့တစ်ပြေးညီ မဆောင်ရွက်နိုင်တာ မဖြစ်စေချင်လို့ပါ။ ဒီတံတားသစ်ပြီးစီးသွားပြီဆိုရင် ယာဉ်မောင်းတွေ ယာဉ်ကြောချောင်ချောင်နဲ့ ဖြတ်သန်းသွားလာနိုင်တော့မယ်လို့ မျှော်လင့်ပါတယ်"ဟု ဆိုသည်။

တံတားကင်းလွတ်အမြင့်မှာ ရေအမြင့်ဆုံးတက်ချိန်၌ ၁၁ ပေ ၂ လက်မရှိမည်ဖြစ်ပြီး လက်ရှိအနေအထားအရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားမှ လက်ထောက်ဌာနမှူး တစ်ဦး၊ ဒုတိယဌာနမှူး တစ်ဦး၊ ဌာနစုမှူးတစ်ဦး၊ SAE နှစ်ဦးနှင့် လုပ်သားအင်အား ၁၅၀ တို့ဖြင့် စီမံကိန်းအား နေ့၊ ည လုပ်ငန်းဝင်နေကြကြောင်းသိရကာ ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) စီမံကိန်းကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်က လုပ်ငန်းစတင်ခဲ့ကြောင်း ငမိုးရိပ်တံတား(ဗိုလ်မှူးဗထူး) စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်မှ စုံစမ်းသိရှိရသည်။

**(စိုးဝင်း-MLA)**

# ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၁၈)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် ခင်းကျင်းပြသမည့် ဆေးနှင့်ဆေးပစ္စည်း ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များ အားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဖုံးလွှမ်းသစ်ပင်ရှိစေချင်တည့်

ဒေါက်တာစန်းဝင်း
(သစ်တောတက္ကသိုလ်)

ဒီဆောင်းပါးလေးကိုရေးပြီးတာကြာပါပြီ။ သို့သော်လည်း ရေကြီးရေလျှံတဲ့အချိန်မှာပေးပို့ခဲ့လို့ ပါခဲ့ရင် မီးလောင်ရာ လေပင့်ဖြစ်နေမှာကြောင့် မပို့ဖြစ်ခဲ့တာပါ။ အချိန်နောက်ကျမှပို့တော့လည်း အကြောင်းအရာတွေ ပိုပြည့်စွက်ချိန်ရခဲ့ပါတယ်။

ကမ္ဘာနှင့်အဝန်း သစ်တောဧရိယာနေရာတွေမှာ အခြားမြေအသုံးချမှု ပြောင်းလဲတာတွေဖြစ်နေဆဲပါ။ သစ်တောတွေနေရာမှာ စက်ရုံ၊ အိမ်ရာအဆောက်အအုံ၊ လမ်းတွေ၊ ကားရပ်စရာနေရာ စတာတွေဆောက်လုပ်လိုက်ရင် အဲဒီသစ်တောအောက်ပိုင်းမှာရှိတဲ့ ချောင်းမြောင်းနဲ့ ရေဝေရေလဲဒေသတွေအပေါ် ဆိုးကျိုးသက်ရောက်မှုတွေ ချက်ချင်းသိသာလာပါတယ်။ တစ်နည်းအားဖြင့် ရွာကျလာတဲ့မိုးရေဟာ ဖော်ပြပါ အဆောက်အအုံအတားအဆီးတွေရဲ့ ရေစိမ့်ဝင်မှုတားမြစ်လွှာမျက်နှာပြင် (Impervious Surfaces) အနေနဲ့ ရေစိမ့်ဆင်းမှုတားထားတာကြောင့် ရွာကျလာတဲ့မိုးရေဟာ အပေါ်ယံမျက်နှာပြင်ကိုသာ ဖြတ်သန်းစီးဆင်းပြီး မြေအောက်ရေအဖြစ် စီးဆင်းဝင်ရောက်မှု မရှိတော့ဘဲ ချောင်းမြောင်းတွေထဲကိုသာ ခပ်မြန်မြန် အရှိန် (Velocity)နဲ့ ရေကျပမာဏများများ(Mass) စီးဆင်းရောက်ရှိသွားပါတော့တယ်။ စီးဆင်းတဲ့မိုးရေပမာဏနဲ့ ရေရဲ့အရှိန်ပိုများလာတယ်ဆိုတော့ ရေရဲ့အဟုန် (Momentum)လည်း ပိုများလာပါတယ်။ အဟုန်ရဲ့ပုံသေနည်းက အဟုန်သည် ထုထည်နဲ့အရှိန်တို့ နှစ်ခုရဲ့မြှောက်ခြင်းနဲ့ညီမျှတယ်လို့ ဆိုထားပါတယ်။ ပြောလိုတာက အဟုန်နဲ့စီးဆင်းတော့ မြေပေါ်မှာ စွန့်ပစ်ထားတဲ့အမှိုက်(Waste) မှန်သမျှနဲ့ ရေအဟုန်ကြီးရင်ကြီးသလောက် တွေ့သမျှပစ္စည်းများ (အမှိုက် အပါအဝင်)ကို တိုက်စားသွားပြီး ရေနဲ့အတူ ချောင်းတွေ၊ မြစ်တွေထဲ ခပ်မြန်မြန် ရောက်သွားပါတယ်။ အတိုချုပ်ပြောရရင်တော့ သစ်ပင်တွေခုတ်ရင်၊ သစ်တောတွေမရှိတော့ရင် မြစ်ချောင်းပင်လယ်တွေထဲကို


(၁) အမှိုက်ပိုရောက်သွားတယ်၊

(၂) မြစ်ချောင်းထဲရေတွေမြန်မြန်စီးဆင်းရောက်ရှိသွားတယ်။

အမှိုက်ပိုရောက်တော့ ရေညစ်ညမ်းမှုပိုဖြစ်စေတယ်။ ရေမြန်မြန်စီးသွားတော့ (အဆုံးနေရာဖြစ်သော ပင်လယ်ထဲ မရောက်မီကြားကာလမှာ) သစ်တောချောင်းမြောင်းနဲ့ မြေနိမ့်ပိုင်းရှိ မြေတွေက ရေစုပ်ယူနိုင်ခွင့်နည်းသွားတယ်။ အကျိုးဆက်ကတော့ မြေအောက်ရေစိမ့်ဝင်မှုပါ နည်းလာတယ်။ တစ်နည်းအားဖြင့် မြေအောက်ရေအဖြစ် စီးဆင်းဝင်ရောက်မှု (Underground water recharge) နည်းသွားတယ်ဆိုတဲ့အချက်ပါ။ ရေစီးနှေးသွားခဲ့ရင် ရေဖြတ်စီးဆင်းရာတစ်လျှောက်ရှိ တောတောင်နဲ့ မြေကြီး၊ ချောင်းမြောင်းမြစ်တို့ရဲ့ကြမ်းပြင်က ရေစုပ်ယူမှုရှိနေပါတယ် (မြေအောက်ရေဖြည့်ဆည်းမှုရှိနေသေးတယ်ပေါ့)။ အချိန်တိုအတွင်း မိုးများများရွာတတ်တဲ့ ယနေ့ခေတ် (မိုးရွာသွန်းပုံပြောင်းလဲနေသောခေတ်၊ တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲနေသောခေတ်)မှာ ဒီဖြစ်စဉ် (ရွာကျမိုးရေ ခပ်မြန်မြန် စီးဆင်းကုန်ဆုံးသွားသောဖြစ်စဉ်) ဖြစ်နေပါတယ်။ မြေအောက်ရေဖြည့်ဆည်းမှုနည်းသွားတယ်ပေါ့။

ဆိုလိုတာက ဒီအခြေအနေမျိုးမှာ သစ်ပင်နဲ့မြေကြီး မပြတ်ရှိကိုရှိနေသင့်တယ်ဆိုတာ ကောက်ချက်ချလို့ရတယ်။ **သစ်ပင်နဲ့မြေကြီး မပြတ်ရှိနေမှသာ မိုးရေစီးဆင်းနှုန်းလျော့ပါးသွားကာ မြေအောက်ရေဖြည့်ဆည်းမှုရှိနေမှာပါ။**

ဒီဖြစ်စဉ် (သစ်တောသစ်ပင်များက ရေထိန်းသိမ်းမှုနည်းပါးလာခြင်းနဲ့ မြေအောက်ရေဖြည့်ဆည်းမှု နည်းသွားခြင်းဖြစ်စဉ်)ကြောင့် မိုးတွင်းမှာ ရေကြီးရေလျှံဖြစ်ခဲ့ပေမယ့် ပွင့်လင်းရာသီမှာတော့ ဆည်မြောင်း၊ ကန်ချောင်းနဲ့ အင်းအိုင်တွေမှာ ရေနည်းရေခန်းမှုတွေ မြင်တွေ့နေရပါပြီ။ ရေခန်းတော့ မြေအောက်ရေကို အလွယ်တကူ တူးဖော်ထုတ်ယူလာနေကြတာကိုလည်း နေရာတကာ တွေ့နေရပါပြီ။ ထုတ်ယူနေတယ်ဆိုတော့ ပြန်ဖြည့်ဖို့လည်း စဉ်းစားသင့်တယ်ပေါ့။ **မြေကြီးနဲ့အပင်တွဲလျက် အစဉ်ရှိသင့်တာပေါ့။**



**သစ်ပင်ရှိမှ စိမ့်ရေရပုံ။**

၁၉၈၀ ခုနှစ်က အိုဟိုင်းရိုးပြည်နယ်မှာပြုလုပ်ခဲ့တဲ့ သုတေသနမှာကတော့ သစ်ပင်ရွက်အုပ်တွေဟာ ရေစီးမှုကို ၇ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျော့ကျစေတယ်လို့ သိရပါတယ်။ အဲဒီအခါ မြေတိုက်စားမှုလျော့သွားပြီး ဆည်မြောင်း ချောင်းကန်နုန်းပို့ချမှုနည်းလာပြီး ဆည်မြောင်းချောင်းကန်တို့ရဲ့ မျှော်မှန်းသက်တမ်းထိ ခံနိုင်တယ်ပေါ့။ **မြို့ပြတွေမှာ ရွက်အုပ်ကြီးမားတဲ့ အပင်တွေစိုက်ခြင်းကြောင့် ရွာချမိုး ရေစီးဆင်းမှုကို ၁၁ ရာခိုင်နှုန်းအထိ လျော့ချနိုင်တယ်လို့ သိရပါတယ်။** ဒီနေရာမှာ တင်ပြလိုတာက ရေစီးနှုန်းလျော့ကျစေအောင်လုပ်နိုင်လျှင် မြေအောက်ရေစိမ့်ဝင်နိုင်မှု တိုးလာစေမယ့်ကိစ္စကို တင်ပြလိုတာပဲဖြစ်ပါတယ်။ မြေအောက်ရေ စိမ့်ဝင်နိုင်မှုများလေလေ မြေအောက်ရေ ဖြည့်တင်းခြင်းပိုလာမည်ဖြစ်ပါတယ်။ အထက်ကပြောခဲ့သလို မြေတိုက်စားမှုလည်း နည်းလာပါမယ်။ အမှိုက်များ မြစ်၊ ချောင်း၊ အင်းအိုင်ထဲသို့ ရောက်ရှိမှုနည်းလာပါမယ်။

ရေထဲကို အမှိုက်ရောက်ရှိသွားတာကို ပြောလိုပါတယ်။ ရေထဲအမှိုက်ရောက်တာများလာရင် နောက်ဆက်တွဲအနေနဲ့ ဆိုးကျိုးတွေပိုများလာတယ်။ ဥပမာ ရေမသန့်တော့တာတို့ပေါ့။ ရေရှားမှုဆိုတာ ရေများတာ၊ နည်းတာကိုသာ ပြောတာမဟုတ်ဘူး။ ရေသန့်၊ မသန့်ဆိုတာကိုပါ ပြောတာပါ။ ရေမလုံလောက်တာ၊ ရေမသန့်တာက ကျန်းမာရေးနှင့် လူမှုဖူလုံရေးကို အထူးထိခိုက်စေပါတယ်လို့ Stinson Center- Broolcings တက္ကသိုလ်က ဆိုထားပါတယ်။

အလျဉ်းသင့်တုန်း ရေရှားပါးမှုနဲ့ပတ်သက်တဲ့ သတင်း မျှဝေလိုပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ကတော့ ရေရှားပါးပြတ်လပ်မှုနဲ့ ရင်ဆိုင်နေရသူ ၁ ဒသမ ၂ ဘီလီယံရှိပြီး သက္ကရာဇ် ၂၀၂၅ မှာ ထပ်မံရေရှားမှုနဲ့ ကြုံတွေ့ရမယ့်သူ ဦးရေ သန်း ၈၀ မှ ၁၀၀ အထိ တိုးလာမယ်လို့ Intergovernmental Panel on Climate Change (IPCC)က ခန့်မှန်းထားပါတယ်။

ရေထဲကို အမှိုက်ရောက်တာကို ဆက်ပြောလိုပါသေးတယ်။ အမှိုက်ကို အစာထင်လို့ ရေနေသတ္တဝါတွေ အသက်ရှင်သန်ရေးအပေါ် ထိခိုက်မှုမျိုးပေါ့။ ဒီနေရာမှာ သူငယ်ချင်း သုတေသီပြောဖူးတာလေး အမှတ်ရလို့ ဖောက်သည်ချချင်ပါတယ်။ ကျွန်တော်တို့ တွင်တွင်ကျယ်ကျယ်သုံးနေကြတဲ့ ပလတ်စတစ်ကြွပ်ကြွပ်အိတ်တွေဟာ ရေထဲရောက်သွားရင် ပြန့်ကားသွားပြီး ရေစီးတစ်လျှောက် မျောနေပါတယ်။ အဲဒါကို ရေထဲမှာရှိနေတဲ့ လိပ်တွေက မြင်တော့ ဝမ်းဗိုက်ဖြူဖြူနဲ့ ရေကူးနေတဲ့ ပြည်ကြီးငါးလို့ ထင်မှတ်ကာ (တစ်နည်းအားဖြင့် သူတို့ရဲ့အစာမှတ်ကာ) မျိုပါတယ်။ ဗိုက်ထဲရောက်တော့ အစာမချေနိုင်တာတို့၊ မျိုချဆဲ အသက်ရှူကျပ်တာတို့ဖြစ်စေပြီး လိပ်များ သေဆုံးရကြောင်း သိရပါတယ်။ တောခုတ်လို့ မြေအောက်ရေမစိမ့်ဆင်းနိုင်မှုရဲ့ နောက်ဆက်တွဲ အမှိုက်ကိစ္စတွေပါ။

**ဒါကြောင့် သစ်တောသစ်ပင်တွေဟာ မိုးသက်မုန်တိုင်းနဲ့ မိုးရေဆင်းမှု အရှိန်အဟုန်ကိုလျော့စေပြီး ချောင်း၊ မြောင်း၊ မြစ်အင်းအိုင်ထဲ ရောက်သွားမယ့် အမှိုက်များ၊ ညစ်ညမ်းပစ္စည်းများကို စစ်ယူဖယ်ရှားပေးခြင်းကို ဆောင်ရွက်ပေးပါတယ်။**

ဒါ့အပြင် ရေဆင်းကြမ်းတော့ မြစ်ချောင်းကမ်းနားများ တိုက်စားမှုကျယ်ပြန့်လာပြီး မြေနိမ့်ဝှမ်းလွင်ပြင်တွေမှာရှိတဲ့ စိုက်ပျိုးမြေတွေ တိုက်စားပျက်စီးဆုံးရှုံးလာနေပါတယ်။ No trees - unstable river, and unstable bank, - increased erosion in Ayeyarwady Basin ဆိုပြီး မကြာမီက တက်ရောက်ခဲ့သော ASEAN Forum on improvement of knowledge, skills and competence of stakeholders in climate change adaptation within Asean member states on agricultural and food security တင်ပြချက်တစ်ခု (River erosion link to climate change and implications for adaptation and planning) မှာ တွေ့ခဲ့ရပါတယ်။

သစ်ပင်မရှိခြင်းကြောင့် ရေထဲအမှိုက်ရောက်ရှိမှုကိစ္စပြီးတော့ နောက်ကိစ္စတစ်ခုက သဲကန္တာရဖြစ်လာစေတဲ့အကြောင်းပါ။ အဟုန်များများနဲ့ ကျလာတဲ့ရေစီးမှာ အမှိုက်မပါနိုင်တဲ့နေရာမျိုး (ဥပမာ သစ်တောမရှိသောမြေနေရာ) မှာ အပေါ်ယံသစ်ရွက်၊ သစ်ခက်နဲ့ စုစုစည်းစည်း ရောထွေးတည်ရှိနေတဲ့ မြေဆီလွှာအတော်များများပါသွားတယ်။ ဒါ့အပြင် အပေါ်ယံမြေသားဟာ နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့လာရတော့ အစိုဓာတ်တဖြည်းဖြည်းလျော့ပါးပြီး ခြောက်သွေ့လာတယ်။ မြေဆီလွှာအတွင်း စေးကပ်စုစည်းမှုလျော့ကျလာတယ်။ လေတိုက်လာရင် ကျန်နေတဲ့သေးနုပ်သော အပေါ်ယံမြေသားဖုန်မှုန့်လေးတွေက လေနဲ့အတူပါသွားပြီး သဲပွင့်တွေက(ဖုန်မှုန့်ထက် အနည်းငယ်အလေးချိန်ရှိလို့)အများစု ကျန်ခဲ့တယ်။ ကြာလာတော့ အဲဒီနေရာမှာ သဲချည်းကျန်နေပြီးတော့ သဲပြင်အဖြစ်ရောက်သွားတယ်။ သိပ်ကျယ်ပြန့်လာရင်တော့ သဲကန္တာရလို့ခေါ်ကြတာပေါ့။ မိုးသဲသဲမဲမဲရွာရင်တော့ သဲပွင့်တွေဟာ ရေနဲ့အတူပါသွားပြီး နိမ့်တဲ့နေရာ(ဥပမာ - ဆည်တွေ၊ လယ်တွေ၊ ချောင်းတွေ၊ မြစ်တွေ)တွေကို သဲဖုံးသွားတယ်။ မိုးရေပြန်ကျသွားတော့ သဲသောင်ခုံရယ်လို့ဖြစ်ပေါ်ကာ ကျန်ခဲ့တယ်။

သစ်ပင်က မိုးရေစုပ်ထားနိုင်မှု ဆက်လက်ပြောလိုပါသေးတယ်။ မြောက်ကာရိုလိုင်းနားမှ ရေဝေရေလဲ သုတေသနပြုချက်တစ်ခုမှာ သစ်တောဖုံးလွှမ်းသော မြေနေရာတစ်ခုတွင် ပျမ်းမျှ ၁ နာရီလျှင် မိုးရေ ၁၂ ဒသမ ၄ လက်မထိ မြေတွင်းသို့ရေစိမ့်ဝင်မှုရှိခဲ့သော်လည်း အဆိုပါနေရာကို သစ်တောမရှိတော့ဘဲ မြက်များသာရှိတော့သောအခါ မိုးရေစုပ်ယူနိုင်မှုမှာ ၄ ဒသမ ၄ လက်မသာရှိတော့ကြောင်း သိရပါသည်။ သစ်မျိုး၊ မိုးရွာချချိန်နဲ့ မိုးရွာသွန်းမှု (Rainfall pattern) တို့အပေါ် မူတည်ပြီး မိုးတစ်ခါရွာတိုင်း သစ်ပင်ရွက်အုပ် ပျမ်းမျှ မိုးရေ ကြားဖြတ်စုပ်ယူထိန်းထားနိုင်မှု (Average interception of rainfall by a forest canopy)မှာ ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိရှိကြောင်း သိရပါတယ်။

အပူပိုင်းဒေသရှိ သစ်ပင်တစ်ပင်ဟာ တစ်နှစ်ကို မိုးရေဂါလန် ၅၀၀ မှ ၇၀၀ အထိ ထိန်းယူနိုင်ပြီး အရွယ်ရောက် အမြဲစိမ်းသစ်ပင်တစ်ပင်ဟာ ပျမ်းမျှ တစ်နှစ်ကို မိုးရေ ဂါလန် ၄၀၀၀ အထိ စုပ်ယူထိန်းထားနိုင်ကြောင်း သိရပါတယ်။ Pennsylvania ရှိ သစ်တောသည် ရွာချသောမိုးရေ လက်မ ၄၀ အနက်မှ ပျမ်းမျှ ၂၄ လက်မအထိ စုပ်ယူထားနိုင်ကြောင်း သိရပါသည်။ သစ်တောတွေသာ ဝေဝေစည်နေအောင်ရှိနေလျှင် ရေရှားပါးမှု၊ မြေတိုက်စားမှုတွေဆိုတာ ဝေါဟာရအနေနဲ့သာ ရှိနေတော့မှာပါ။ သစ်တောတွေမှာ တစ်ဧကတွင် အရွယ်ရောက် (မြေပြင်မှ အထက်အမြင့် လေးပေခွဲရှိ လုံးပတ် လေးပေနဲ့အထက်) အပင် ၂၀ လောက်ကျန်နေရင်တောင် တစ်ဧက တစ်နှစ်မှာ ရေဂါလန် ၁၀၀၀၀ အထိ စုပ်ယူထိန်းထားနိုင်မည်ဖြစ်ကြောင်း တွက်ချက်ရရှိပါတယ်။

ဒီရေပမာဏ (တစ်ဧက တစ်နှစ်မှာ ရေဂါလန် ၁၀၀၀၀ စုပ်ယူထားနိုင်မှု)ကို သစ်တောဧရိယာနဲ့ စဉ်းစားကြည့်လျှင် မြစ်ချောင်းအင်းအိုင်တွေ ပွင့်လင်းရာသီမှာ ရေခန်းစရာမရှိပါဘူး။ အယ်နီညိုအပါအဝင် ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို လျော့ကျစေဖို့ သစ်ပင်တွေ စုစုစည်းစည်းနဲ့ တစ်မျှော်တစ်ခေါ် ရှိဖို့လိုပါတယ်။

သစ်ပင်များ၏ အနီးဝန်းကျင်ကို လေ့လာကြည့်ပြန်တော့လည်း ရွာချသောမိုးရေကို သစ်ပင်သစ်တောများက စုပ်ယူပြီး ပင်စည်၊ အကိုင်း၊ အခက်များမှတစ်ဆင့် ပင်ငွေ့ပြန်ခြင်း(Evapotranspiration) ဖြစ်စဉ်ကြောင့် ပတ်ဝန်းကျင်နှင့် လေထုထဲသို့ ရေငွေ့များရောက်ရှိသွားကာ အနီးဝန်းကျင်ကို အပူလျော့၍ အေးမြစေခြင်းကို ဖြစ်စေပါတယ်။ ဆိုလိုတာက သစ်ပင်ရှိလျှင် ရေသန့်စင်စေ၊ ရေဖူလုံစေတဲ့အပြင် နွေမှာလည်း အေးမြစေကာ စိုက်ပျိုးမွေးမြူရေးအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပံ့ပိုးဖြည့်ဆည်းပေးမှာမို့ ဖုံးလွှမ်းသစ်ပင်ရှိစေချင်ပါတယ်။ ။

**သစ်တောတွေသာ ဝေဝေစည်နေအောင်ရှိနေလျှင် ရေရှားပါးမှု၊ မြေတိုက်စားမှုတွေဆိုတာ ဝေါဟာရအနေနဲ့သာ ရှိနေတော့မှာပါ။ သစ်တောတွေမှာ တစ်ဧကတွင် အရွယ်ရောက် (မြေပြင်မှ အထက်အမြင့် လေးပေခွဲရှိ လုံးပတ် လေးပေနဲ့အထက်) အပင် ၂၀ လောက်ကျန်နေရင်တောင် တစ်ဧက တစ်နှစ်မှာ ရေဂါလန် ၁၀၀၀၀ အထိ စုပ်ယူထိန်းထားနိုင်မှာဖြစ် . . . . .**

# ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတအမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်

နေပြည်တော် မတ် ၁၁

**သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတလောင်းများအမည်စာရင်းကြေညာခြင်း၊ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်း၊ ရွေးချယ်တင်မြှောက်ခံရသောပုဂ္ဂိုလ်၏အမည်ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။**



အစည်းအဝေးတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြီးကြပ်ဆောင်ရွက်သည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့တွင် ကိုယ်စားလှယ်များမှ ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်နှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းတို့သည် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း နည်းဥပဒေအရ စိစစ်ရာ ပြည့်စုံမှုရှိသည့်အတွက် ဒုတိယသမ္မတလောင်း (၂)ဦးအနက်မှ ဒုတိယသမ္မတ(၁)ဦး ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၁၇)ဦးတို့က လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ဆန္ဒမဲပေးကြရာ **(အပေါ်ပုံ)** ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံမဲ (၂၇၄)မဲနှင့် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းမောက်ခမ်းက ထောက်ခံမဲ(၂၉)မဲရရှိကြပြီး ပယ်မဲမှာ(၁၄)မဲ ဖြစ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲ(၂၇၄)မဲရရှိသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကြေညာပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတအမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်)**

**နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ နှင့်အညီ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတအရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ခ) | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (ဂ) | ဦးတီခွန်မြတ် | ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ဃ) | ဦးအေးသာအောင် | ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (င) | ဒေါက်တာမျိုးအောင် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (စ) | ဦးဘမျိုးသိန်း | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| (ဆ) | ဗိုလ်ချုပ်သန်းစိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

၂။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၇၊ ၂၈ တို့နှင့်အညီ စိစစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

# ဒုတိယသမ္မတလောင်းနှစ်ဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်

**နေပြည်တော် မတ် ၁၁**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတလောင်းများ အမည်စာရင်းကြေညာခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြီးကြပ်ဆောင်ရွက်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးပထမနေ့တွင် ကိုယ်စားလှယ်များမှ ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းထားသည့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူတို့မှာ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရစိစစ်ရာ ပြည့်စုံမှုရှိသည့်အတွက် ဒုတိယသမ္မတလောင်းနှစ်ဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အပါအဝင် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၇) ဦးက လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ဆန္ဒမဲပေးကြရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံဆန္ဒမဲ (၁၄၈)မဲနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်က ထောက်ခံဆန္ဒမဲ (၁၃)မဲရရှိကြပြီး ပယ်မဲမှာ (၆)မဲဖြစ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ထောက်ခံဆန္ဒမဲ (၁၄၈)မဲရရှိသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကြေညာပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယသမ္မတအမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။



**ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။** (သတင်းစဉ်)

**(သတင်းစဉ်)**

# တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား)အား ရွေးချယ်တင်မြှောက်



**နေပြည်တော် မတ် ၁၁**

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတ ရွေးချယ်ရေးအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦး စုံလင်စွာတက်ရောက်ကြသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းလွင်က ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (အငြိမ်းစား)အား ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုတင်သွင်းပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင်က ထောက်ခံသည်။

ယင်းအဆိုတင်သွင်းမှုအပေါ် ကန့်ကွက်သူမရှိသဖြင့် သဘာပတိက ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(အငြိမ်းစား) အား တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအဖြစ် အတည်ပြုခဲ့ကြောင်းနှင့် ၎င်းအမည်ကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်သွင်းသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇလွန်မြို့နယ် ဝါသလ-မေဒုံရွာအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ် ကာကွယ်ခြင်းလုပ်ငန်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ရေလယ်သောင်ကျေးရွာသို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံရွာများအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က လုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဖြတ်မြောင်းတူးဖော်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။


ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စီမံကိန်းနယ်မြေအတွင်း စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု၊ ရေလွှဲဖြတ်မြောင်းတူးဖော်နေမှု၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါစီမံကိန်းလုပ်ငန်းများမှာ အလျား ၅ ဒသမ ၅ မိုင်၊ ထိပ်ဝအကျယ်ပေ ၂၂၀၊ ပျမ်းမျှအနက် ၄၆ ပေ၊ ခန့်မှန်းမြေကြီးကျင်းပေါင်း ၁၂ သိန်းရှိသည့် ဖြတ်မြောင်းဖောက်လုပ်ခြင်း၊ ရေလမ်းထိန်းအဆောက်အအုံများဖြစ်သည့် အလျားပေ ၈၆၀၀ ရှိ ကျောက်ဖြည့်ရေလွှဲတန်း လေးခု၊ အလျားပေ ၄၀၀၀ ရှိ ကျောက်ဖြည့်ရေကြောင်းပိတ်တမံ နှစ်ခု၊ ဧရိယာ စတုရန်းပေ ၁၂၀၀၀၀ရှိ ကမ်းထိန်းဝါးကဒစ်ကွက် နှစ်ခုနှင့် အလျားပေ ၆၈၀၀၊ ပျမ်းမျှအမြင့် ၁၈ ပေ၊ မြေကြီးကျင်းပေါင်း ၁၂၀၀၀၀ ရှိသည့် မေဒုံပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းခြင်းလုပ်ငန်းများဖြစ်သည့် အလျားပေ ၃၀၀၀ ရှိ ကွန်ကရစ်တိုင်အစုအဖွဲ့ဖြင့်ရေရှိန်သတ်ခြင်း နှစ်ခု၊ အလျား ပေ ၄၀၀၀ ရှိ ကျောက်ဖြည့်ရေလွှဲတန်း ရှစ်ခု၊ အလျားပေ ၅၅၀၀ ရှိ ကျောက်ဖြည့်အခြေထိန်းတန်းတစ်ခု၊ ဧရိယာစတုရန်းပေ ၅၅၀၀၀၀ရှိ မြစ်ကမ်းအလျှောထိန်းခြင်းတစ်ခုတို့ ဖြစ်သည်။

ဇလွန်မြို့နယ် ဝါသလနှင့် မေဒုံရွာများအနီး မြစ်ကမ်းစားခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းများဖြစ်သည့် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်း၊ မေဒုံပန်းတာတည်ဆောက်ခြင်းနှင့် ဗျည့်စဉ်ကုန်းမြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် မြေတူးစက် ၂၂၇ စီး၊ ကုန်း/ရေနှစ်သွယ်မြေတူးစက် ငါးစီး၊ မြေထိုးစက် ၃၅ စီးနှင့် မြေသယ်ယာဉ် ၁၂၁ စီး စုစုပေါင်းစက်ယန္တရား ၃၈၈ စီးဖြင့် လုပ်ငန်းများဆောင်ရွက်နေပြီး ဖြတ်မြောင်းတူးဖော်မှုကို ဖေဖော်ဝါရီ ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်အထိ ဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၏ မြေကြီးပမာဏ ၄၅၅၈၈၅ ကျင်း ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်းတစ်ခုလုံး၏ ၃၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

မေဒုံပန်းတာတည်ဆောက်ခြင်းကို ဖေဖော်ဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်အထိ မြေဖို့ခြင်းလုပ်ငန်းများ၏ မြေကြီးပမာဏ ကျင်း ၁၉၇၀၀ ဆောင်ရွက်ပြီးဖြစ်၍ လုပ်ငန်း၏ ၃၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး မြစ်ကမ်းထိန်းလုပ်ငန်းများကိုလည်း ဖေဖော်ဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

သီးနှံနှင့်မြေယာလျော်ကြေးပေးအပ်ပြီးစီးမှုအခြေအနေမှာ ဧရာဝတီရေလွှဲဖြတ်မြောင်းအူကြောင်းတွင် ကျရောက်သည့် မြေယာနှင့်သီးနှံလျော်ကြေးငွေ ကျပ်သိန်း ၂၀၀၀ကို မတ် ၃ ရက်တွင် လည်းကောင်း၊ ကျပ်သိန်း ၅၀၀၀ ကို မတ် ၁၀ ရက်တွင်လည်းကောင်း စုစုပေါင်း ကျပ်သိန်း ၇၀၀၀ ကို အပြည့်အဝပေးအပ်ပြီးဖြစ်သည်။




ဧရာဝတီမြစ်ဖြတ်မြောင်းဖောက်လုပ်ခြင်းနှင့် မြစ်ကမ်းထိန်းလုပ်ငန်းများပြပုံ။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြပြီး စင်ကာပူအစိုးရနှင့် မြန်မာအစိုးရတို့ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီသက်မွေးပညာရပ်များသင်ကြားပေးလျက်ရှိသည့် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းဝင်းအတွင်းရှိ အလုပ်ရုံ၊ စာသင်ခန်းများနှင့် လက်တွေ့သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆိုပါသင်တန်းကျောင်းရှိ Multipurpose Hall ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr. Robert Chua က နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr. Chong Chon Hsien က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့ အစိုးရလက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်မှုများ၊ ကျေးလက်နေပြည်သူများစီးပွားရေး

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



စက်ယန္တရားများဖြင့် ဖြတ်မြောင်းတူးဖော်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၈ မှ

ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာများလိုအပ်သကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် အတတ်ပညာရှင်များမွေးထုတ်ရန်လိုအပ်မှု၊ စီးပွားရေးကဏ္ဍအလိုက် လိုအပ်နေသည့် အလုပ်အကိုင်လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရန်အတွက် သက်မွေးပညာသင်တန်းကျောင်းများကို နိုင်ငံအနှံ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်နေမှု၊ SMVTI ကျောင်းကို စင်ကာပူနိုင်ငံသမ္မတကြီး၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဆွေးနွေးသဘောတူခဲ့ပြီးနောက် ဖွင့်လှစ်နိုင်ရေးအတွက် အဆင့်ဆင့်စီမံဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ရရှိလာသည့် အခွင့်အလမ်းကောင်းများကို အသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှုများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(Singapore–Myanmar Vocational Training Institute - SMVTI) တည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၄ ခုနှစ် ဧပြီ ၇ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးတို့ လက်မှတ်ရေးထိုးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ Senior Minister of State for Education and Law မှ H.E. Ms. Indrance Rajah တို့ ဦးဆောင်သော Board of Institute (BOI) အစည်းအဝေးကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ထို့အပြင် SMVTI အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်၍ Task Force Meeting (၁၅)ကြိမ်နှင့် Management Committee (၄)ကြိမ်ကျင်းပခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(ရန်ကုန်)စာသင်ခန်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို သက်မွေးပညာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအား အထောက်အကူပြုနိုင်စေရန် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများအဖြစ် မွေးထုတ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန်အတွက် သက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာ ဆရာမများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်လာနိုင်မည့် သက်မွေးပညာရပ်ဆိုင်ရာကျွမ်းကျင်လုပ်သား လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကျောင်းတွင် ပို့ချလျက်ရှိသောသင်တန်းများသည် လုပ်ငန်းခွင်အခြေအနေအတိုင်း ဖန်တီးသင်ကြားပေးသော လက်တွေ့ဦးစားပေးအချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် ကျောင်းသားဦးရေ ၄၀ ဖြင့် စုစုပေါင်းကျောင်းသားဦးရေ ၄၀၀ တက်ရောက်နိုင်ပြီး တစ်နှစ်လျှင် ကျောင်းသားဦးရေ စုစုပေါင်း ၈၀၀ သင်ယူနိုင်မည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး၍ အသက်(၁၆)နှစ်ပြည့်ပြီးဖြစ်သော သက်မွေးပညာသင်ကြားလိုသူများ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ်(SMVTI Certificate of Compentency) ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် ပြင်ပလုပ်ငန်းများနှင့် မျက်ခြည်မပြတ်စေရန် လုပ်ငန်းခွင်လေ့လာရေးသွားရောက်ခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် နားလည်မှုစာချွန်လွှာချုပ်ဆိုနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယခုသင်တန်းများသည် ပထမအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် နှစ်လယ်တွင် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းဖွင့်ပွဲအခမ်းအနားပြုလုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(ရန်ကုန်)အလုပ်ရုံကို ကြည့်ရှုစဉ်။ (သတင်းစဉ်)





စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(ရန်ကုန်)အလုပ်ရုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာ ဖြေဆို

**နေပြည်တော် မတ် ၁၁**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာကို ယနေ့ဖြေဆိုကြရာ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာန စုစုပေါင်း ၁၄၆၇ ခုတွင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ ဖြေဆိုကြသည်ကို တွေ့ရသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသားကျောင်းသူ ၆၇၁၆၇၀ တွင် ယနေ့ဖြေဆိုသူပေါင်း ၆၃၄၈၃၇ ဦးရှိသည့်အတွက် ဖြေဆိုရန် ပျက်ကွက်သူပေါင်း ၃၆၈၃၃ ဦးဖြစ်သည်။ သို့ဖြစ်၍ ယနေ့ဖြေဆိုသူစုစုပေါင်း ၉၄ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် ပျက်ကွက်သူစုစုပေါင်း ၅ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**




# သာစည်မြို့နယ် ကျေးရွာအချို့တွင် ဦးနှောက်ရောင်ရောဂါဖြစ်ပွားပြီး ကလေးငယ်လေးဦးသေဆုံး

**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာခရိုင် သာစည်မြို့နယ် အရှေ့မြောက်ဘက် လေးမိုင်ကွာ မကျီးကန်ကျေးရွာအုပ်စုရှိ ပြွန်ကန်ကျေးရွာ၊ သမန်းကန်ကျေးရွာနှင့် ဘုရားလေးကုန်းကျေးရွာတို့တွင် မတ် ၇ ရက်မှစ၍ ကလေးငယ်များ ဦးနှောက်ရောင်ရောဂါဖြစ်ပွားပြီး သာစည်ဆေးရုံမှတစ်ဆင့် မိတ္ထီလာဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသခဲ့ရာမှ ကလေးငယ်လေးဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ သာစည်မြို့နယ် မကျီးကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာနေ ကျပန်းလုပ်သား ဦးစိုးလင်းအောင်နှင့် ဇနီး ဒေါ်မော်ခင်၏ သားများဖြစ်သည့် မောင်နေဦး ကိုးနှစ်၊ ထက်နိုင်ဖြိုး ခုနစ်နှစ်နှင့် သမီး မနှင်းနှင်းမော် ငါးနှစ်တို့သည် မတ် ၇ ရက်က ဖရဲသီးစားရာမှ အော့အန်ပြီး တက်နေသဖြင့် သာစည်ဆေးရုံမှတစ်ဆင့် မိတ္ထီလာကလေးဆေးရုံသို့ တင်ပို့ခဲ့သည်။ မိတ္ထီလာကလေးဆေးရုံအရောက်တွင် မောင်ထက်နိုင်ဖြိုး ခုနစ်နှစ်နှင့် သမီး မနှင်းနှင်းမော် ငါးနှစ်တို့မှာ မတ် ၉ ရက် ညက သေဆုံးသွားခဲ့သည်။ ပြွန်ကန်ကျေးရွာနေ ဦးစိုးနိုင်- ဒေါ်မြနန်းကြည်၏ သား အောင်ဖုန်းမြတ် ငါးနှစ်မှာလည်း ဖရဲသီးစား၍ အော့အန်ကာ တက်နေသဖြင့် သာစည်မြို့နယ် ဆေးရုံမှတစ်ဆင့် မိတ္ထီလာဆေးရုံသို့ မတ် ၇ ရက်က တင်ပို့ကုသခဲ့သည်။ ထိုနည်းတူ ပြွန်ကန်ကျေးရွာနေ ကျပန်းလုပ်သား ဦးနိုင်ထွန်း-ဒေါ်ဝါဝါခင်၏ သား သူထူးနိုင်အား မတ် ၉ ရက်က ဆေးရုံသို့ တင်ပို့ကုသခဲ့ရသည်။

၎င်းအပြင် ဘုရားလေးကုန်းကျေးရွာမှ ငါးနှစ်သားကလေးတစ်ဦးနှင့် အင်းကုန်းကျေးရွာမှ ဝေနိုင်ဦး ငါးနှစ်သား အရွယ်ကလေးတစ်ဦးတို့မှာလည်း အော့အန်ကာ တတ်နေသဖြင့် သာစည်ဆေးရုံကြီးမှတစ်ဆင့် မိတ္ထီလာဆေးရုံကြီးတွင် တင်ပို့ကုသရာမှ သေဆုံးသွားခဲ့သည်။ ထိုကလေးများမှာ ဦးနှောက်ရောင်ရောဂါဖြင့် သေဆုံးသွားခဲ့ကြောင်း သာစည်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနိုင်က ပြောကြားသည်။

ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့သော သာစည်မြို့နယ် မကျီးကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာသို့ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဌာနမှ ဒေါက်တာမျိုးသန်းနိုင်နှင့်အဖွဲ့က လာရောက်ပြီး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးများ ဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ အလားတူ သာစည်မြို့နယ် ကျန်းမာရေးဌာနက ပြွန်ကန်ကျေးရွာသို့ ကျေးလက်ကျန်းမာရေးအရ သူနာပြုများကွင်းဆင်းကုသပေးလျက်ရှိသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မော်လူး ဟဲနကျေးရွာ ချောင်းကမ်းအနီး စစ်သုံးလက်ကျန်ပုံးသီးဟောင်းများတွေ့ရှိ

**မော်လူး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေအတွင်း မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်က စစ်ကျန်ပုံးသီးအဟောင်းများကို တွေ့ရှိရကြောင်း သိရသည်။**(အောက်ပုံ)**

မော်လူးရဲစခန်းပိုင်နယ်မြေတွင် မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်က ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဝင်းရွှေ ဦးဆောင်သောအဖွဲ့က ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ အသုံးပြုခဲ့သော အမြောက်ခုံအား ရှေးဟောင်းအမွေအနှစ်ပြခန်းတွင် ထုတ်ဖော်ပြသရန်အတွက် ရွှေဘို-မြစ်ကြီးနားမီးရထားသံလမ်း ဟဲနုကျေးရွာ ဒေါ်ခင်နုအိမ်နှင့်မီးရထားသံလမ်းကြားတွင် မြေတူးစက်ဖြင့် တူးဖော်စဉ် အရှည်၁၄ လက်မ လုံးပတ် ၇ လက်မရှိ စစ်ကျန်ပုံးကျည်ဆန် ၁၉ လုံးကို တွေ့ရှိသည်။

အဆိုပါရှေးဟောင်းအမွေအနှစ်တူးဖော်ရာနေရာသို့ မော်လူးနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်မင်းနိုင်၊ နယ်ထိန်းခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်များ၊ မော်လူးအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက မလိုလားအပ်သောအန္တရာယ် မဖြစ်ပေါ်နိုင်စေရေးအတွက် ခေတ္တထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး နယ်မြေခံတပ်ရင်း၏အကူအညီဖြင့် ဆက်လက်တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**





# မန္တလေးမြို့ စက်မှုပန်းခြံ-ရန်ရှင်းရပ်ကွက်မှ ဖော့ဘူးစက်ရုံတွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်း၊ ရန်ကုန်-မန္တလေး စက်မှုပန်းခြံ-ရန်ရှင်းရပ်ကွက် ကောင်းဟိန်းစံ ဖော့ဘူးစက်ရုံ၏အလုပ်ရုံတွင် မတ် ၁၁ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါအလုပ်ရုံမှာ RC တစ်ထပ်ဖြစ်ပြီး ပေ (၈၀×၅၀) ကျယ်ဝန်းကာ ဖော့လိပ်များထားသိုရာမှ အချင်းချင်းပွတ်တိုက်မိပြီး မီးစထွက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် တန်ဖိုးကျပ် ၂၂ သိန်း၊ ကုန်ကြမ်းနှင့် ဂက်စ်(လီတာ ၂၀ ပါ) ၁၅ လုံး တန်ဖိုးငွေကျပ် ၁၆ သိန်း စုစုပေါင်း ငွေကျပ် ၃၈ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ သွားရောက်ငြိမ်းသတ်သည့် အရာတော် အရန်မီးသတ်စခန်းမှ ဒုတိယတပ်ခွဲမှူး ဦးမျိုးဝဏ္ဏအောင်နှင့် ဟေမာဇလ အရန်မီးသတ်စခန်းမှ အရန်တပ်ကြပ်ကြီး ဆွေငြိမ်း၊ ပြည်ကြီးမျက်ရှင်အရန်မီးသတ်စခန်းမှ တပ်သားဇွဲမောင်ဦးတို့မှာ အသက်ရှူကျပ်သည့် ဝေဒနာခံစားခဲ့ရပြီး ပြည်ကြီးတံခွန်မြို့နယ်(ဆ)ရပ်ကွက် အရန်မီးသတ်စခန်းမှ အရန်တပ်စုမှူး ဦးအောင်မျိုးဦးမှာ အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အနီးကပ်ကြီးကြပ်ကာ မီးငြိမ်းသတ်ယာဉ်အစီး ၆၀၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၀နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၅ ဦးတို့ ရောက်ရှိ ငြိမ်းသတ်ခဲ့ကြရာ နံနက် ၁၁ နာရီ ၂၅ တွင် မီးငြိမ်းသွားကြောင်းသိရသည်။

မန်နေဂျာ ဦးကျော်စိုးဝင်းအား ပြည်ကြီးတံခွန်မြို့နယ်ရဲစခန်းမှ အရေးယူထားကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဇီးကုန်းမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်လှစ်

**ဇီးကုန်း မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အဆိုပါဖွင့်ပွဲတွင် မြို့နယ်တရားရုံးအဆောက်အအုံသစ်ကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးအေးဝင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တရားရုံးအဆောက်အအုံ ဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ တရားရုံးမှာ အလျားပေ ၇၀၊ အနံပေ ၃၁ ပေ၊ အမြင့်၂၄ ပေ နှစ်ထပ် RC ဖြစ်ကာ နားနေဆောင်အလျား ၁၅ ပေ၊ အနံ ၁၅ပေနှင့် ယာယီ အချုပ်ခန်း အလျား ၁၅ ပေ၊ အနံ ၁၅ ပေဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၁ ဒသမ ၅၂၇ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# စစ်တွေမြို့တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

**စစ်တွေ မတ် ၁၁**

စစ်တွေမြို့ ညဝတီ (ခ)ရပ်ကွက် မေယုလမ်း အိမ်အမှတ် (၁၀၉)ရှိ နေအိမ်ခြံဝင်းအတွင်း မတ် ၁၀ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ကျယ်လောင်သောပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ကနဦးသိရှိရပြီး အခင်းဖြစ်ပွားရာနေရာသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်ကွပ်ကဲရေးမှူး၊ စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းလျက် အဆိုပါနေအိမ်နှင့်ဝန်းကျင်အား အသေးစိတ်ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ဘဲ ပေါက်ကွဲနေရာတစ်ဝိုက်နှင့် ၎င်းနေအိမ်ညာဖက်ခြမ်းအုတ်နံရံတွင်သံတိုသံစများ ထိမှန်ခံရသည်ဟု ယူဆရသောအပေါက်ငယ်များ ဖြစ်ပေါ်ခဲ့ကြောင်း မျက်မြင်တစ်ဦး၏ ပြောပြချက်အရသိရှိရပြီး ပေါက်ကွဲမှုဖြစ်စဉ်ကို အသေးစိတ်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အသံပုံးတစ်မျိုးဟု ခန့်မှန်းယူဆလျက်ရှိနေကြကြောင်း သိရှိရသည်။

**ခရိုင်ပြန်/ဆက်**

**ပြင်ဆင်ဖတ်ရှုပါရန်**

မတ်လ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင်ပါရှိသော တင်ဒါပယ်ဖျက်ကြောင်း ကြေညာခြင်းတွင် ပါရှိသော လမ်းအမည်အား **မဟာဗန္ဓုလလမ်းထောင့်**အစား **မဟာဗန္ဓုလပန်းခြံလမ်းထောင့်**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်**

# ရခိုင်ပြည်နယ်အတွင်း လမ်းဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စက်၊ ယာဉ်၊ ယန္တရားကြီးများ ဂျပန်နိုင်ငံမှ ထောက်ပံ့ပေးအပ်

**တောင်ကုတ် မတ် ၁၁**

ရခိုင်ပြည်နယ်အတွင်း လမ်းဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနသို့ စက်၊ ယာဉ်၊ ယန္တရားကြီးများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မတ် ၇ ရက်က ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့မှုစီမံကိန်း ရည်ရွယ်ချက်အရ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လမ်းဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု၊ လူမှုဘဝအခြေအနေများ တိုးတက်မြင့်မားလာအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအား ထောက်ပံ့ပေးအပ်ရန် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးမှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က နေပြည်တော်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့မှ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြပြီး တန်ဖိုးငွေ ဂျပန်ယန်း ၇၃၈ သန်းကို ထောက်ပံ့ပေးအပ်ရန် သဘောတူညီခဲ့ကြသည်။ အဆိုပါ စီမံကိန်းသဘောတူညီမှုအရ လမ်းဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စက်၊ ယာဉ်၊ ယန္တရားပေါင်း ၅၇ ခုကို JICA မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မတ် ၇ ရက်တွင် ပြုလုပ်ကာ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ထောက်ပံ့မှုအရ စက်ယန္တရားကြီးများ အသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်ကုတ်-မအီလမ်းပိုင်း ကီလိုမီတာ ၁၄၀ အားလည်းကောင်း၊ တောင်ကုတ်-မအီ-အမ်းလမ်းပိုင်း ကီလိုမီတာ ၂၀၀ ခန့်အား လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) အနေဖြင့် ဂျပန်နိုင်ငံ အစိုးရ၏ မြန်မာနိုင်ငံသို့ ကဏ္ဍအသီးသီးတွင် ပူးပေါင်းကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတို့တွင် ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာ၊ ငွေကြေးနှင့် ချေးငွေများကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်၊ မြို့ပြဆက်သွယ်မှုကွန်ရက်များ ကောင်းမွန်စေရေး၊ ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးတို့အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်နယ်အတွင်း နေထိုင်သူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာမှု အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်၊ ယာဉ်၊ ယန္တရားကြီးများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr.Tateshi HIGUCHI ၊ Mr. Akihito SANKO Senior Representative, JICA နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း JICA မှ သိရသည်။

**(၀၀၁)**

# မန္တလေးတိုင်းဒေသကြီး အိုးအိမ်ဦးစီးဌာနမှ ဆောက်လုပ်သည့် တိုက်ခန်း ၄၀၀ အား လျှောက်ထားသူ ၉၀၀၀ကျော်ရှိ



**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် တိုင်းဒေသကြီး အိုးအိမ်ဦးစီးဌာနက ဆောက်လုပ်သည့် တိုက်ခန်း ၄၀၀ အတွက် လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများအား ရောင်းချပေးမည်ဖြစ်ရာ လျှောက်ထားသူ ၉၁၈၈ ဦးရှိကြောင်း မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

ယခင် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ ချထားပေးစဉ်က ခရိုင်အတွင်းမှ လျှောက်ထားခဲ့ကြသည့် လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၆၆၈၈ ဦးနှင့် ယခု ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ တိုင်းဒေသကြီးအတွင်းမှ လျှောက်ထားသူ ဦးရေ ၂၅၀၀ ကျော် စုစုပေါင်း ၉၁၈၈ ဦးအား နေရာချထားပေးမည်ဖြစ်ကြောင်း၊ အိုးအိမ်ဦးစီးဌာနမှ ဆောက်လုပ်ထားသည့် အဆောက်အအုံမှာ ၆၅၀ စတုရန်းပေ ကျယ်ဝန်းသည့် လေးခန်းတွဲ လေးထပ် ၂၅ လုံး စုစုပေါင်း တိုက်ခန်း ၄၀၀ ရှိကြောင်း သိရသည်။

"လက်ရှိလျှောက်ထားသူတွေသာမက ယခင် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ လျှောက်ထားခဲ့ကြတဲ့ ခရိုင်အတွင်းက လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းတွေရဲ့ လျှောက်လွှာတွေကို ယခု တိုက်ခန်းတွေမှာ ဝယ်ယူခွင့်ထည့်သွင်းပေးသွားမှာဖြစ်ပါတယ်။ ထပ်မံလျှောက်ထားစရာမလိုတော့ပါဘူး"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုက်ခန်းတန်ဖိုးများမှာ မြေညီထပ် ၁၆၅ သိန်း၊ ပထမထပ် ၁၅၅ သိန်း၊ ဒုတိယထပ် ၁၄၅ သိန်းနှင့် တတိယထပ် ၁၃၅ သိန်းတို့ဖြစ်ကြောင်း၊ ဝယ်ယူခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၄ ရက်အထိ တစ်စောင်လျှင် ကျပ် ၅၀၀ ဖြင့် ရောင်းချပေးခဲ့ပြီး မတ် ၇ ရက်မှ ၁၆ ရက်အတွင်း ယင်းလျှောက်လွှာများကို မြို့တော်စည်ပင်သာယာသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ငါ့သရောက်မြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စက်ရေတွင်း တူးဖော်ဆောင်ရွက်

**ငါ့သရောက် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဖလန်ကန်ကျေးရွာမှ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၅ သန်းဖြင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်နှင့် ရေစက်ရုံအပါအဝင် လေးလက်မ အဝီစိ စက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖလန်ကန်ကျေးရွာတွင် တူးဖော်ဆောင်ရွက်လျက်ရှိသည့် လေးလက်မ အဝီစိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ ရက်က စတင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုမှာ မြေအောက် အနက်ပေ ၈၀၀ ဝန်းကျင်ခန့် ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ပေ ၁၀၀၀ ကျော်ခန့် တူးဖော်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါ့သရောက်မြို့နယ် ဖလန်ကန်ကျေးရွာသည် အိမ်ထောင်စု ၃၂၀၊ လူဦးရေ ၁၅၈၀ ခန့်ရှိပြီး ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးလုပ်ကိုင်ကြကြောင်း သိရသည်။ အဆိုပါ ကျေးရွာ၌ ယခင်တူးဖော်ထားရှိသည့် အဝီစိစက်ရေတွင်း တစ်တွင်းရှိပြီး ယင်းစက်ရေတွင်းမှာ ယခုအခါ ရေထွက်အားမကောင်းတော့ကြောင်းနှင့် ဒေသခံပြည်သူများအတွက် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေကြကြောင်း သိရသည်။

ယခု ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသစ်တူးဖော်ပေးသည့် လေးလက်မ အဝီစိစက်ရေတွင်းမှာ ဒုတိယမြောက် စက်ရေတွင်းဖြစ်ကြောင်း၊ စက်ရေတွင်းတူးဖော်နိုင်ရန်အတွက် မြေအလှူရှင် ဒေါ်ထားကြည် မိသားစုက လှူဒါန်းပေးခဲ့ကြောင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်းတူးဖော်ရေးအဖွဲ့သားများက စီစဉ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဖလန်ကန်ကျေးရွာမှ ကျေးလက်နေပြည်သူများ အနေဖြင့် နွေရာသီကာလများတွင် သောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့်ရရှိတော့မည်ဖြစ်၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# အပူဒဏ်ကာကွယ်ရေးအပြင် ရေရှားပါးသည့်ဒေသများသို့ ရေပေးဝေမှုများ အရှိန်မြှင့်ဆောင်ရွက်မည်

**မုံရွာ မတ် ၁၁**

မုံရွာမြို့ပေါ်နှင့် ကျေးလက်ဒေသများရှိ လူမှုကူညီရေးအသင်း ၆၄ သင်းဖြင့် ချိတ်ဆက်ကာ လူမှုကူညီရေးများဆောင်ရွက်လျက်ရှိသည့် ချင်းတွင်းအားမာန်ကွန်ရက်အနေဖြင့် ရာသီဥတုပူပြင်းလျှင် ဖြစ်ပေါ်လာမည့်အပူဒဏ်ကာကွယ်ရေးနှင့် ကူညီရေးများအပြင် ရေရှားပါးရာဒေသများသို့ ရေပေးဝေနိုင်ရေးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းတွင်းအားမာန်ကွန်ရက် ဥက္ကဋ္ဌ ဦးသန်းဌေးထံမှ သိရသည်။

"အယ်နီညိုဖြစ်စဉ်မှာ အပူဒဏ်ကို ဘယ်လိုကြိုတင်ကာကွယ်ရမယ်၊ သက်ကြီးရွယ်အိုတွေနဲ့ ကလေးငယ်တွေကို အသင်းအဖွဲ့တွေအနေနဲ့ အပူဒဏ်ကာကွယ်နိုင်ဖို့ ဘယ်လိုစုပေါင်းဆောင်ရွက်ကြမယ်ဆိုတာကို မတ် ၁၀ ရက်က မုံရွာကရုဏာမြင့်မိုရ်ကုသိုလ်ဖြစ်ဆေးခန်း ခမ္မာရုံမှာ သင်တန်းတစ်ခုကို ပထမဦးဆုံးအကြိမ်ပေးခဲ့ပါတယ်။ မုံရွာမြို့နယ်အတွင်းက လူမှုကူညီရေးအသင်း ၆၄ သင်းက အသင်းဝင် ၇၀ နီးပါးတက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။ အပူဒဏ်အန္တရာယ် စုပေါင်းကာကွယ်ရေး ကူညီရေးအတွက်တင်မက ရေပြတ်လပ်နေတဲ့ ဒေသတွေအရောက် ရေပေးဝေလှူဒါန်းနိုင်ဖို့ ဒီသင်တန်းမှာ အားလုံးဝိုင်းဝန်းဆွေးနွေးသွားမှာပါ"ဟု ဦးသန်းဌေးက ပြောသည်။

ယင်းအပြင် ဖြစ်ပေါ်လာသော သဘာဝဘေးဒဏ်ကြောင့် ဒုက္ခရောက်နေသူများကိုကူညီဆောင်ရွက်ပေးလျက်ရှိရာ အမျိုးသားရေးအမြင်ဖြင့် စုပေါင်းဆောင်ရွက်နေသည့် အယ်နီညိုကာကွယ်ရေးနှင့် ကူညီရေးကို ကြိုတင်ဆောင်ရွက်နိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး ကရုဏာမြင့်မိုရ်ကုသိုလ်ဖြစ်ဆေးခန်း ကျန်းမာရေးကုသဆရာဝန် ဦးသန်းထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မုံရွာမြို့နယ်ကြက်ခြေနီအသင်းမှကူညီ၍ အပူဒဏ်အန္တရာယ်ကာကွယ်ကူညီရေးများကို သင်ကြားပေးကြောင်း သိရသည်။

ချင်းတွင်းအားမာန်ကွန်ရက်ကို ၂၀၁၅ခုနှစ် ဇွန် ၂၀ ရက်တွင် မုံရွာမြို့နယ် လူမှုကူညီရေးအသင်းများ ချိတ်ဆက်ဖွဲ့စည်း၍ လက်ရှိတွင် ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူများ၏အသက်ကို ကယ်တင်နိုင်ရန်အတွက် ကွန်ရက်အသင်းများအပြင် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များမှ လူမှုကူညီရေးအသင်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# တောင်ကိုရီးယားကြယ်ပွင့်စုံတွဲသစ် အာဂျေယန်းနဲ့ ဂူဟေဆန်း




ယခုနှစ်အတွင်း နောက်ထပ်ပေါ်ထွက်လာခဲ့တဲ့ တောင်ကိုရီးယားအနုပညာကြယ်ပွင့်စုံတွဲသစ်ကတော့ မင်းသား အာဂျေယန်းနဲ့ မင်းသမီး ဂူဟေဆန်းတို့ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်ကြောင်း သူတို့ရဲ့အေဂျင်စီတွေကနေတစ်ဆင့် အတည်ပြု ပြောကြားခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက မတ် ၁၁ ရက်က ဖော်ပြခဲ့ပါတယ်။

အသက် (၂၈)နှစ်အရွယ် အာဂျေယန်းနဲ့ (၃၁)နှစ်ရှိပြီဖြစ်တဲ့ ဂူဟေဆန်းတို့ဟာ ပြီးခဲ့တဲ့မေလအတွင်းက ရိုက်ကူးခဲ့တဲ့ "Blood" ဒရမ်မာရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ကြရင်း စတင်တွေ့ဆုံရင်းနှီးခဲ့ခြင်းဖြစ်ကာ ပြီးခဲ့တဲ့ တစ်လလောက်ကစတင်ပြီး ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာ ဖြစ်ကြောင်း သိရပါတယ်။

ဂူဟေဆန်းရဲ့ အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က "ကျွန်တော်တို့ ဂူဟေဆန်းနဲ့ ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ သူနဲ့ အာဂျေယန်းတို့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတာကို မင်းသမီးက အတည်ပြုပြောကြားခဲ့ပြီး သူတို့နှစ်ဦးကြားက ဆက်ဆံရေးဟာ KBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ဒရမ်မာရုပ်ရှင် Blood ကို ရိုက်ကူးပြီးစီးခဲ့ချိန်မှာ ပိုမိုလေးနက် ခိုင်မာလာခဲ့တာဖြစ်တယ်"လို့ ပြောကြားခဲ့ပါတယ်။ အလားတူ မင်းသားရဲ့ အေဂျင်စီဖြစ်တဲ့ အိတ်ရှ်ဘီအန်တာတိန်းမန့်ကလည်း ဒီသတင်းကို အတည်ပြုပေးခဲ့ပါတယ်။ သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက အာဂျေယန်းနဲ့ ဂူဟေဆန်းတို့နှစ်ဦးဟာ လက်ထပ်ဖို့အထိ ရည်ရွယ်ပြင်ဆင်နေကြောင်း ဆိုခဲ့ပေမယ့် သူတို့ရဲ့အေဂျင်စီတွေကတော့ ယခုအချိန်အထိ သူတို့နှစ်ဦးဟာ လက်ထပ်ဖို့စီစဉ်ထားခြင်းမျိုး မရှိသေးဘူးလို့ ပြောကြားခဲ့ပါတယ်။

အာဂျေယန်းဟာ "You Who Came From the Stars"၊ "You're All Surrounded" နဲ့ "Blood" စတဲ့ ဒရမ်မာရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ထားခဲ့ပြီးဖြစ်ကာ ဂူဟေဆန်းကတော့ သရုပ်ဆောင်လုပ်ငန်းတွေမှာသာမက အဆိုတော်၊ ဒါရိုက်တာနဲ့ ပန်းချီပညာရှင်တစ်ဦးအဖြစ်ပါ အောင်မြင်နေသူတစ်ဦး ဖြစ်ပါတယ်။

# အချစ်အသစ်နဲ့ လင်ဆေးလိုဟန်





အမေရိကန်အဆိုတော် မော်ဒယ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အသက် (၂၉)နှစ်အရွယ် လင်ဆေးလိုဟန်ဟာ ရုရှားစီးပွားရေးလုပ်ငန်းစုကြီးတစ်ခုရဲ့ ဆက်ခံသူတစ်ဦးဖြစ်တဲ့ အီဂေါတဲရက်ဆာဗ်နဲ့ ချစ်သူတွေအဖြစ်လက်တွဲခဲ့ပြီဖြစ်ကြောင်း ယခုလအစပိုင်းမှာ ကောလာဟလသတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ လန်ဒန်မှာရှိနေစဉ် သူတို့နှစ်ဦးအတူတွဲရိုက်ထားတဲ့ ဓာတ်ပုံတွေကို ဖေဖော်ဝါရီလကုန်ပိုင်းမှာ လင်ဆေးလိုဟန်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပြီးတဲ့နောက် ယခုလို ဟောလိဝုဒ်မီဒီယာတွေအကြား ကောလာဟလတွေပျံ့နှံ့ခဲ့တာဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်းမှာတော့ လင်ဆေးလိုဟန်က အသက် (၂၂)နှစ်အရွယ် တဲရက်ဆာဗ်ရဲ့ ဓာတ်ပုံနဲ့အတူ ကျွန်မသူ့ကိုချစ်တယ်ဆိုတဲ့ စာသားကိုပါ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ကာ သူ့ရဲ့အချစ်သစ်ကို ထုတ်ဖော်ပြသခဲ့ပါတယ်။

လင်ဆေးလိုဟန်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ သူငယ်ချင်းတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး လွန်ခဲ့တဲ့ လေးလလောက်ကတည်းက ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြကာ လတ်တလောမှာ သူတို့ကြားက ဆက်ဆံရေးဟာလည်း ပိုမိုခိုင်မာလာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

# ဗီယက်နမ်သို့ ထွက်ခွာသွားတဲ့ T-ara

တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသမီးပေ့ါပ်တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "T-ara" မှ အဖွဲ့ဝင်ခြောက်ဦးစလုံးဟာ ဗီယက်နမ်နိုင်ငံမှာ ကျင်းပမယ့် အထူးအစီအစဉ်တစ်ခုအတွက် တောင်ကိုရီးယားမှ ဗီယက်နမ်သို့ ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

"T-ara"ဟာ မတ် ၁၂ ရက်မှာ ကျင်းပမယ့် ဗီယက်နမ်ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို တက်ရောက်ဖို့အတွက် ယခုလိုဗီယက်နမ်ကို လာရောက်ခဲ့ရခြင်းဖြစ်ပြီး ယခင်က ပရိသတ်တွေနဲ့ တွေ့ဆုံပွဲမှာ အဖွဲ့ဝင်တွေအနက်က ဟွန်ဂျန်း၊ ဟိုမင်နဲ့ ဂျီယွန်းတို့ သုံးဦးသာ တက်ရောက်သွားဖို့ စီစဉ်ထားခဲ့ပေမယ့် ပရိသတ်တွေရဲ့တောင်းဆိုမှုကြောင့် အဖွဲ့ဝင်အားလုံး သွားရောက်တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာလည်း "T-ara" ဟာ ဗီယက်နမ်က ပရိသတ်တွေကို လာရောက်တွေ့ဆုံခဲ့ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ နောက်ဆုံးအကြိမ် ဗီယက်နမ်မှ ထွက်ခွာခဲ့စဉ် ပရိသတ် ၂၀၀၀ ကျော်က လေဆိပ်မှာ လာရောက်နှုတ်ဆက်ခဲ့ကြောင်းလည်း သိရပါတယ်။



အေး

မြသုံ

–

စုစည်း

ဖော်ပြသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၂ - ၃ - ၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၈း၃၅ The Farmer (ကိုက်လန်စိုက်ပျိုးခြင်း)
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ "အယ်နီညိုသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာများနဲ့ ပတ်သက်ပြီး ဆွေးနွေးချက်"
- ၁၁း၁၅ ကျန်းမာပျော်ရွှင်တဲ့ မိသားစုဘဝပိုင်ဆိုင်ဖို့ လက်သန့်ရှင်းရေးဆောင်ရွက်စို့
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၁၂း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၁၀ တစ်ပတ်အတွင်း လွှတ်တော်သတင်းစဉ်
- ၁း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစ်မ်းရောင်သံစဉ်" (အပိုင်း-၂၁)
- ၂း၂၀ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
- ၃း၁၅ Ooredoo MNL-1 2016ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဧယျာရွှေမြေ အသင်းနှင့် ရောဝတီယူနိုက်တက်အသင်း)
- ၅း၃၀ ကဗျာရိပ်မြုံ "ပြည်သူ့နီတိစိတ်"
- ၅း၄၅ နည်းပညာမြင့် ခေတ်ကြီးထဲကကျွမ်းကျင်လက်မှုပညာရှင်များ "သက်တန့်ရောင်ခြည်များနှင့် ထိန်းချုပ်အလင်းတန်း"
- ၆း၃၅ Business News
- ၇း၁၅ ဟိုး. . . တုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ကျေးဇူးဆပ်ရာရောက်ပါစေ" (စောမြတ်နိုး၊ A.3၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy))
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၈း၃၅ ရန်ကုန်လေဆိပ်အစီအစဉ်
- ၈း၅၀ "အပူလှိုင်း"
- ၉း၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -ဂီတသမား၊ ဂီတစကား (နန်းတော်ရှေ့ဆရာတင်နှင့် သက်န်းဂုဏ်ရည်သီချင်း)

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "အေးငြိမ်းတဲ့အလှ ရှာကြည့်တာပါ"တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၉)
- ၇း၃၀ MRTV-4 သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (International Women's Day 2016 ဦးစီးဦးဆောင်ကဏ္ဍမှ မြန်မာအမျိုးသမီးများ)
- ၉း၀၀ Drive It
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ ချစ်စကား" (အပိုင်း-၄၈)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၅ World of Knowledge (Locked Up Abroad Teen Smuggler)
- ၃း၅၀ Fashion Week
- ၄း၃၅ ၂၀၁၄ ခုနှစ် ရုံတင်ဇာတ်ကားများအား ပြန်လည်ခံစားခြင်း
- ၅း၀၀ ခေတ်သစ်ပျိုမေ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (ဇာတ်သိမ်းပိုင်း)
- ၇း၃၅ Let's Talk
- ၈း၁၅ တေးရေးမင်းချစ်သူ၏ သီချင်းများပွဲတော် (အပိုင်း-၅)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၉)
- ၁၀း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၅+၄၆)
- ၁း၄၅ ရေဆန်စီးတဲ့မြစ်

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၀၆း၀၀ -အဖွင့် -မိုးလေဝသအစီအစဉ်
- ၀၆း၁၀ -ကတ်ဆက်ဇာတ်လမ်း "အရုပ်မျက်နှာရှာပုံတော်"
- ၀၇း၀၀ - ဆရာကြီးမင်းသုဝဏ်အစီအစဉ် ( အပိုင်း-၁ )
- ၀၇း၃၀ -နိုင်ငံခြားရုပ်ရှင် "Indiana Jones and the Temple of Doom"
- ၀၉း၃၀ Live: English Premier League Southampton Vs Stoke City
- ၁၁း၁၀ -မြန်မာ့ရုပ်ရှင် "တစ်ဦးတည်းသော သား" (လူမင်း၊ ထွန်းအိန္ဒြာဗို)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## mitv

- 07:27 Great Shwedagon- The Exhibition Hall Of The Great Chronicle Of Buddha
- 07:54 Paper Flower
- 08:26 Reviving and Promoting a Traditional Festival
- 09:26 Myanmar Game Changers (Episode- II)
- 09:51 Cultural Shows: Theatrical Art
- 10:26 Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-1) In Memory of Him & His Childhood
- 10:51 Egg Shell
- 07:26 Clay Toy Pots Festival
- 07:42 Young Artist: Maw Thu Da Nu
- 07:48 Today Myanmar: Pristine Nature- Gaw Yan Gyi Island
- 08:26 The Stories Of The Great Souls (Mar Mar Aye) (Ep-1)

# လက်ရှိစာချုပ် သက်တမ်းကုန်ဆုံးလျှင် မန်စီးတီးမှ ထွက်ခွာမည်ဟု အဂူရိုအတည်ပြု

မန်စီးတီးတိုက်စစ်မှူး အဂူရိုက ၎င်းအနေဖြင့် မန်စီးတီးနှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၁၈-၂၀၁၉ဘောလုံးရာသီအကုန်တွင် ကလပ်အသင်းမှ ထွက်ခွာရန် သေချာကြောင်း ထပ်မံအတည်ပြုခဲ့သည်။ မန်စီးတီးအသင်းသည် အဂူရိုအား စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ကမ်းလှမ်းခဲ့ရာ ၎င်းက ယခင်ပြောကြားထားသည့်အတိုင်း ၂၀၁၉ ခုနှစ်တွင် မန်စီးတီးမှ ထွက်ခွာကာ သူ၏ ကစားသမားဘဝ စတင်ရာ အာဂျင်တီးနားကလပ် အင်ဒီပန်းဒီးယန့်တက် အသင်းသို့ပြန်လည်အခြေချ၍ ယင်းကလပ်မှာပင် ကစားသမားဘဝကို အဆုံးသတ်မည်ဖြစ်ကြောင်း ဆိုလိုက်သည်။

အဂူရိုသည် လာလီဂါကလပ် အက်သလက်တီကို အသင်းမှ မန်စီးတီးသို့ ၂၀၁၁ ခုနှစ်တွင် ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

"ဒါက လုံးဝကို သေချာပါတယ်။ မန်စီးတီးနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးရင် ကျွန်တော့်ရဲ့ ပထမဆုံးကလပ်အသင်းဖြစ်တဲ့ အင်ဒီပန်းဒီးယန့်တက် အသင်းကို ပြန်သွားမယ်။ အဲဒီမှာပဲ ကစားသမားဘဝအဆုံးသတ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ဆန္ဒကို မန်စီးတီးအသင်းလည်း ကောင်းကောင်းသိသလို ကျွန်တော့်မိသားစုကလည်း သေချာသိထားပါတယ်" ဟု အဂူရိုက အာဂျင်တီးနား ရေဒီယိုသို့ ပြောကြားခဲ့သည်။ အဂူရိုသည် လက်ရှိတွင် အသက်(၂၇)နှစ်ရှိပြီဖြစ်သောကြောင့် ၂၀၁၉ ခုနှစ်တွင် အသက်(၃၀)ကျော် အရွယ်ရှိနေမည်ဖြစ်သည်။



## ပွဲထွက်ကစားသမားရွေးချယ်မှုအတွက် အပြစ်တင်စရာမရှိကြောင်း ပိုချက်တီနိုကာကွယ်ပြောကြား

စပါးအသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဒေါ့မွန်အသင်းကို သုံးဂိုးပြတ်အရေးနိမ့်ခဲ့ပေမယ့် ကစားသမားရွေးချယ်မှုအပိုင်းအတွက် အပြစ်တင်စရာ အခြေအနေမရှိကြောင်း စပါးနည်းပြ ပိုချက်တီနိုက ပြောကြားခဲ့ပါတယ်။ ပိုချက်တီနိုက ဒေါ့မွန်ကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာ အဓိကကစားသမား နှစ်ဦးဖြစ်တဲ့ ဟယ်ရီကိန်းနဲ့ လာမယ်လာတို့နှစ်ဦးကို အရန်ကစားသမားစာရင်းမှာသာ ထည့်သွင်းခဲ့တာပါ။

ဒါ့ကြောင့် အခုလို သုံးဂိုးပြတ်အရှုံးရလဒ်ထွက်ပေါ်လာပြီး နောက်မှာ ပိုချက်တီနိုရဲ့ ကစားသမားရွေးချယ်မှုအပေါ်ကို ပရိသတ်တွေနဲ့ ဘောလုံးပွဲသုံးသပ်သူတွေက အပြစ်တင်ခဲ့ကြတာပါ။ ဒါပေမယ့် ပိုချက်တီနိုကတော့ အဝတ်လဲခန်းထဲမှာ ဘယ်လိုအပြောင်းအလဲတွေ လုပ်မလဲဆိုတာ အသေအချာရှင်းပြပြီးဖြစ်ပါတယ်လို့ အကြောင်းပြခဲ့ပါတယ်။ သုံးဂိုးပြတ်အရှုံးဆိုတာ စပါးအသင်းအတွက် အခုရာသီမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး လာမယ့် ကြာသပတေးနေ့ (မတ် ၁၇ ရက်) ဒုတိယအကျော့မှာ ဒီရလဒ်ကို ပြန်လည်ဖာထေးနိုင်မယ်လို့ ယုံကြည်ကြောင်း ဆိုခဲ့ပါတယ်။

## အစီအစဉ်မရှိသည့်ပုံစံဖြင့် ကစားခဲ့၍ လီဗာပူးကို မန်ယူရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း ပေါလ်စခိုးလ် ဝေဖန်

ယူရိုပါလိဂ်ပြိုင်ပွဲ၌ မန်ယူအသင်း လီဗာပူးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းမှာ အစီအစဉ်မရှိသည့် ပုံစံဖြင့်ရင်ဆိုင်ခဲ့၍ဖြစ်ကြောင်း မန်ယူကစားသမားဟောင်းပေါလ်စခိုးလ်က ဝေဖန်လိုက်သည်။ မန်ယူအသင်းသည် ယင်းပွဲစဉ်တွင် ဂိုးပေါက်တည့်သည့် ကန်သွင်းမှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး လီဗာပူးအသင်းမှ စတားရစ်ချ်နှင့် ဖာမီနိုတို့၏ သွင်းဂိုးနှစ်ဂိုးအား ခွင့်ပြုခဲ့ရသည်။ ဗန်ဟားလ်ကိုင်တွယ်ခဲ့သည့် ကာလတစ်လျှောက် မန်ယူအသင်းသည် လီဗာပူးအား ယခုပွဲမတိုင်မီလေးကြိမ်တိုင် ရင်ဆိုင်ခဲ့ရာ၌ အကြိမ်တိုင်း အနိုင်ယူနိုင်ခဲ့သည်။

ပေါလ်စခိုးလ်က "မန်ယူအနေနဲ့ သေချာတဲ့ အဆင့်တစ်ရပ် ရှိကိုရှိရမှာပါ။ လီဗာပူးက ပွဲချိန်ပြည့် လွှမ်းမိုးထားပေမယ့် မန်ယူကတော့ ဘာတစ်ခုမှတောင် လုပ်မပြနိုင်ဘူး။ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀၀ လောက် သုံးထားတဲ့ အသင်းက ပရီမီယာလိဂ်မှာ အဆင့်(၆) ချန်ပီယံလိဂ်အုပ်စုအဆင့်က ထွက်ခဲ့ရပြီး ယူရိုပါလိဂ်မှာပဲ ဝင်ပြိုင်နေရတာက မဖြစ်သင့်ဘူး။ တကယ်ဆို ပရီမီယာလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်တော့ အမြဲရသင့်တာပေါ့။ မန်ယူက ဒီနှစ်ရာသီကုန်ရင် အာဆင်နယ် လုပ်ပြသလို အက်ဖ်အေဖလားဆွတ်ခူးပြီး ချန်ပီယံလိဂ်ဝင်ခွင့် ဆုပ်ကိုင်နိုင်တာမျိုးလောက် စွမ်းဆောင်ပြဖို့တော့ မျှော်လင့်ထားပါတယ်"ဟု ဝေဖန်လိုက်သည်။

သို့သော် မန်ယူအသင်းသည် အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဝက်စ်ဟမ်းအသင်းနှင့် တွေ့ဆုံရမည်ဖြစ်သဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် သေချာပေါက်ခက်ခဲမည်ဖြစ်သည်။ မန်ယူနည်းပြ ဗန်ဟားလ်ကမူ မန်ယူအနေဖြင့် အစီအစဉ်တကျ မကစားနိုင်ခဲ့၍ ၎င်းအနေဖြင့် အံ့အားသင့်ရကြောင်း၊ ဒုတိယပိုင်းတွင် ကစားကွက်အသာစီးရအောင် ပြန်လည်ကစားရန် ကြိုးပမ်းခဲ့သော်လည်း အချည်းအနှီးဖြစ်ခဲ့ကြောင်း ဆိုခဲ့သည်။

မေလဲ့သင်း- စုစည်းဖော်ပြသည်

## မတ် ၁၂/၁၃ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | | |
|---|---|---|---|
| **ပရီမီယာလိဂ် (ပွဲစဉ်-၃၀)** | | | |
| နော့ဝှစ် | - | မန်စီးတီး | ည-၇း၁၅ |
| စတုတ်စီးတီး | - | ဆောက်သမ်တန် | ည-၉း၃၀ |
| ဘွန်းမောက် | - | ဆွမ်ဆီး | ည-၉း၃၀ |
| **အက်ဖ်အေဖလား (ကွာတားဖိုင်နယ်)** | | | |
| အဲဗာတန် | - | ချယ်လ်ဆီး | နံနက်-၁၂း၀၀ |
| **လာလီဂါ (ပွဲစဉ်-၂၉)** | | | |
| ဘာစီလိုနာ | - | ဂီတာဖေး | ည-၉း၃၀ |
| ဆယ်လ်တာဗီဂို | - | ဆိုစီဒက် | ည-၁၁း၄၅ |
| အက်သလက် | - | ဒီပို့တီဗို | နံနက်-၂း၀၀ |
| ဗယ်လက်ကာနို | - | အီဘာ | နံနက်-၃း၃၅ |
| **စီးရီးအေ (ပွဲစဉ်-၂၉)** | | | |
| အမ်ပိုလီ | - | ဆမ်ဒိုးရီးယား | ည-၁၁း၃၀ |
| အင်တာမီလန် | - | ဘိုလော့နာ | နံနက်-၂း၁၅ |
| **ဘွန်ဒက်စ်လီဂါ (ပွဲစဉ်-၂၆)** | | | |
| မိုချင်ဂလက်တက် | - | ဖရန့်ဖတ် | ည-၉း၀၀ |
| ဟန်နိုဗာ | - | ကိုလုံး | ည-၉း၀၀ |
| ဟော့ဖန်ဟိမ်း | - | ဝုဖ်ဘတ် | ည-၉း၀၀ |
| အင်ဂေါ့စတက် | - | စတုဂတ် | ည-၉း၀၀ |
| ဒမ်စတက် | - | အော့စ်ဘတ် | ည-၉း၀၀ |
| ဘိုင်ယန်မြူးနစ် | - | ဝါဒါဘရီမင် | ည-၁၂း၀၀ |
| **ပြင်သစ်လီဂူး (ပွဲစဉ်-၃၀)** | | | |
| လိုရီးယန့် | - | မာဆေးလ် | ည-၁၀း၃၀ |
| ဂူအင်ဂမ့် | - | စိန့်အက်တီယန် | နံနက်-၁း၃၀ |
| ဂါဇီလက် | - | ကိန်း | နံနက်-၁း၃၀ |
| မောင့်ပယ်လီယာ | - | နိုက်စ် | နံနက်-၁း၃၀ |
| ဘက်စ်တီယာ | - | လိုင်လီ | နံနက်-၁း၃၀ |
| တူးလော့စ် | - | ဘော်ဒိုး | နံနက်-၁း၃၀ |
| **အင်္ဂလန် ချန်ပီယံရှစ် (ပွဲစဉ်-၃၇)** | | | |
| ဘလက်ဘန်း | - | လိဒ်စ် | ည-၇း၀၀ |
| ဘော်လ်တန် | - | ပရက်စတန် | ည-၉း၃၀ |
| ကာဒစ်ဖ် | - | အစ်ဆွစ်ချ် | ည-၉း၃၀ |
| ဖူလ်ဟမ် | - | ဘရစ္စတိုးလ် | ည-၉း၃၀ |
| ဟက်ဒါဖီးလ် | - | ဘန်လေ | ည-၉း၃၀ |
| ဟားစီးတီး | - | အမ်ကေဒွန်းစ် | ည-၉း၃၀ |
| နော်တင်ဟမ် | - | ရှက်ဖီးလ် | ည-၉း၃၀ |
| ကျူပီအာ | - | ဘရက်ဖို့ဒ် | ည-၉း၃၀ |
| ရိုသာဟမ် | - | ဒါဘီ | ည-၉း၃၀ |

(မောင်မောင်ဇော်)

# ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့တွင် ပွဲစဉ်နှစ်ခုသရေပွဲဖြစ်ခဲ့ပြီး ကျန်ပွဲစဉ်အားလုံးတွင် အိမ်ကွင်းကစားရသည့်အသင်းများ နိုင်ပွဲများရရှိခဲ့



ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို မတ် ၁၁ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစဉ်နှစ်ခုသရေပွဲဖြစ်ခဲ့ပြီး ကျန်ပွဲစဉ်အားလုံး အိမ်ကွင်းကစားရသည့်အသင်းများ နိုင်ပွဲများရရှိခဲ့ကြသည်။

ပထမအကျော့ပွဲစဉ်များတွင် ဘေဆယ်လ်နှင့် ဆီဗီလာတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်၊ စပါတာဂရပ်ဂ်နှင့် လာဇီယိုတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ် စသည့်ပွဲစဉ်နှစ်ခုသာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အခြားပွဲစဉ်များတွင် အိမ်ကွင်းယှဉ်ပြိုင်ကစားရသည့် အသင်းများဖြစ်သော ဒေါ့မွန်၊ ဘီဘာအို၊ လီဗာပူး၊ ဖီနာဘာချီ၊ ရှက်တာဒိုးနက်ခ်၊ ဗီလာရီးယဲလ် စသည့်အသင်းများ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ဒေါ့မွန်အသင်းသည် စပါးအသင်းကို အိမ်ရှင်အဖြစ်လက်ခံကစားခဲ့ရပြီး အော့ဘာမီယန်နှင့် မာကိုရူးစ်တို့၏ သွင်းဂိုးများဖြင့် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဘီဘာအိုအသင်းသည် ဗလန်စီယာအသင်းကို ရာအူးလ်ဂါစီယာ၏ ပွဲကစားချိန် မိနစ် ၂၀ တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပရီမီယာလိဂ်ပြိုင်ဘက်နှစ်သင်း ထိပ်တိုက်ဆုံတွေ့သည့်ပွဲစဉ်ဖြစ်သည့် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက ဖာမီနို၏ သွင်းဂိုးနှင့် စတားရစ်ချ်၏ ပင်နယ်တီသွင်းဂိုးတို့ဖြင့် မန်ယူအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ရှက်တာဒိုးနက်ခ်အသင်းနှင့် အန်ဒါးလက်ချ်အသင်းတို့ပွဲစဉ်တွင် ရှက်တာဒိုးနက်ခ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဖီနာဘာချီအသင်းနှင့် ဘရာဂါအသင်းတို့ပွဲစဉ်တွင် ဖီနာဘာချီအသင်းက ပွဲကစားချိန် ၈၂ မိနစ်တွင် ရရှိခဲ့သည့် မီမက်တိုပယ်လ်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗီလာရီးယဲလ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ပွဲစဉ်တွင် ဗီလာရီးယဲလ်အသင်းက ဘာကမ်ဘူး၏ သွင်းဂိုးနှစ်ဂိုးဖြင့် နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်များတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည့် ဘေဆယ်လ်နှင့် ဆီဗီလာတို့ပွဲစဉ်တွင် ဆီဗီလာကစားသမား အန်ဇွန်ဇီမှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ထို့ပြင် ဗီလာရီးယဲလ်နှင့် လေဗာကူဆင်တို့ပွဲစဉ်တွင် လေဗာကူဆင်ကစားသမား တင်ဂျက်ဗက်မှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပွဲစဉ်များအနက် အဝေးကွင်းရှုံးပွဲကြုံခဲ့သည့် အသင်းများထဲတွင် အန်ဒါလက်ချ်အသင်းတစ်သင်းတည်းသာ အဝေးကွင်းသွင်းဂိုးတစ်ဂိုးရရှိခဲ့ပြီး ကျန်အသင်းများမှာ ရဂိုးမရှိဖြစ်ခဲ့ရသည်။ အဝေးကွင်း ရှုံးပွဲကြုံခဲ့ပြီး နှစ်ဂိုးနှင့်အထက် ဂိုးပေးလိုက်ရသည့် စပါးအသင်း၊ မန်ယူအသင်း၊ အန်ဒါလက်ချ်အသင်းနှင့် လေဗာကူဆင်အသင်းတို့မှာ အိမ်ကွင်းကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင် ရုန်းကန်ရမည့်အသင်းများဖြစ်သည်။ အဆိုပါ ယူရိုပါလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(ငွေကြယ်)

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဇိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**သီတာရေစင်ပမာဆိုပဲ**

မိဘမေတ္တာ ကြီးမားလှတာကို ဘယ်သူမှ သံသယဖြစ်မယ် မထင်ပါဘူး။ ကျွန်တော်လည်း သမီးတယောက်၊ သားတယောက်ရဲ့ ဖခင် မိဘတစ်ပါးသာမို့ မိဘတွေရဲ့ ရင်တွင်းခံစားချက်ကို စာနာနားလည်ပေးနိုင်ပါတယ်။ ခြွင်းချက်အနည်းအပါးကလွဲရင် မိဘတိုင်းဟာ ကိုယ့်သားသမီးလေးတွေကို အချွန်ဆုံး၊ အမွန်ဆုံး၊ အတော်ဆုံး၊ အတတ်ဆုံး၊ အထက်မြက်ဆုံး၊ အဆင်ပြေဆုံး၊ အကျန်းမာဆုံး၊ အလိမ္မာဆုံးလေးတွေ ဖြစ်စေကြချင်သူချည်းပါပဲ။

သည်အတွက် ကျွန်တော်တို့မှာ ရှိရှိလေသမျှ အစွမ်းအစကို စိုက်ထုတ်ပြီး ကိုယ့်ရင်သွေးတွေအတွက် လုပ်ဆောင်ပေးကြပါတယ်။ ရင်သွေးလေးတွေရဲ့ ဘဝမှာ အစစ အဆင်ပြေရေးအတွက် ပခုံးနဲ့ ထမ်းတင်ပေးနိုင်အောင် အားထုတ်တတ်ကြပါတယ်။

**ဒါပေမယ့်**

ဒါပေမယ့် မိဘတိုင်း နည်းမှန်လမ်းမှန်နဲ့ ကိုယ့်သားသမီးတွေကို ကောင်းရာညွှန်မိနေကြပါရဲ့လား။

သည်အတွေးဟာ ကျွန်တော့်ခေါင်းထဲကို ၂၀၁၆ ခုနှစ် မတ်လ ၉ ရက်နေ့ မနက် ၈ နာရီလောက်မှာ ဆောင့်ဝင်လာပါတယ်။

ဟုတ်ကဲ့ . . .

အဲဒီနေ့ဟာ ၂၀၁၅-၁၆ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်း (ဆယ်တန်း) စာမေးပွဲစတင်ဖြေဆိုရတဲ့ နေ့ပါပဲ။ ခါတိုင်းနှစ်တွေမှာ သိပ်မကြုံမိခဲ့တော့ မျက်စိအောက်မှာပေမယ့် သတိမထားမိခဲ့ဘူး။ အဲဒီနေ့ကမှ တည့်တည့်ကြီး ကြုံပြီး အဲဒီမေးခွန်းက ကျွန်တော့်ကို နှိပ်စက်တော့တာပါပဲ။

ဘာကြုံရတာလဲဆိုတော့ အထက်တန်းကျောင်းကြီးတကျောင်းရှေ့က အသွားအပြန် ယာဉ်ကြောလေးကြောသာရှိတဲ့ လမ်းတစ်လမ်း တရားလွန် တရားမင်းပိတ်ဆို့နေတာပါ။ ရန်ကုန်မှာ လမ်းပိတ်ဆို့တာ ခုကာလမှာ အဆန်းမဟုတ်တော့ပေမယ့် အဲဒီလမ်းကို ခုတလောမှာ အသုံးများဖြစ်နေတဲ့ ကျွန်တော့်အတွက်တော့ အဲဒီလမ်း ပိတ်ဆို့နေတာ ဆန်းနေပါတယ်။ ဆန်းဆို အချိန်က နည်းနည်းစောနေသေးတာကိုး။

ဘာကြောင့်များ မပိတ်စဖူး အပိတ်ထူးနေပါလိမ့်လို့ တွေးရင်း အဲဒီကျောင်းရှေ့က ဖြတ်လိုက်တော့မှ စာမေးပွဲလာဖြေတဲ့ သားသမီးတွေကို ကျောင်းပေါက်ဝတည့်တည့်၊ ဒါမှမဟုတ် ကျောင်းပေါက်ဝနဲ့ အနီးဆုံးနေရာမှာ ကားရပ်ပြီး ချပေးဖို့ အားထုတ်နေကြတဲ့ ကျောင်းသားမိဘတွေရဲ့ ကားတွေထင်သလို လုပ်နေကြတာကြောင့်ဆိုတာကို တွေ့လိုက်ရပါတယ်။

ဟား . . . တယ်ဟုတ်ပါလား။

**စဉ်းစားဖူးပါသလား**

ဒါဟာ စာမေးပွဲဖြေတဲ့ရက်တင် မဟုတ်ပါဘူး။ ပုံမှန် ကျောင်းတက်ကျောင်းဆင်းချိန်တွေမှာလည်း အလားတူပါပဲ။ ရန်ကုန်တင်မဟုတ်ပါဘူး၊ မြို့ကြီးတွေရဲ့ ကျောင်းကြီးတွေရှေ့မှာ ကျောင်းသားမိဘတွေရဲ့ ကားတွေထင်သလိုရပ်ပြီး ကလေးတွေကို အတင်အချ လုပ်နေကြတာ မမြင်ချင့်အဆုံးပါ။ ယုတ်စွအဆုံး၊ ပြင်ဦးလွင်လို မြို့ငယ်လေးမှာတောင် မြင်ခဲ့ဖူးပါတယ်။

ဆိုခဲ့သလို မိဘတိုင်းဟာ ကိုယ့်သားသမီးလေးတွေကို အကောင်းဆုံးတွေ ပေးချင်ကြတာပါ။ သည်တော့လည်း ဖြစ်နိုင်ရင် ကျောင်းခန်းအဝအထိတောင် အိမ်က အပျံစားကားကြီးနဲ့ လိုက်ပို့ချင်မယ့် မိဘတို့ရဲ့ စိတ်စေတနာကို အကောင်းမြင်ပေးနိုင်ပါတယ်။

သို့သော်. . . ဟုတ်ကဲ့. . . သို့သော် အဲဒီလို ကျောင်းပေါက်ဝ၊ ဒါမှမဟုတ် ကျောင်းပေါက်ဝနဲ့ အနီးဆုံးနေရာမှာ ကိုယ့်သားသမီးလေးကို တင်နိုင်ချနိုင်ဖို့အတွက် ယာဉ်နှစ်ထပ်၊ သုံးထပ်ရပ်၊ အများပြည်သူသွားမရဘဲ ယာဉ်ကြောတွေ ပိတ်ဆို့ကုန်အောင် လုပ်ခြင်းဟာကိုယ့်သားသမီးတွေကို ဘာတွေ လမ်းပြသွန်သင်ပေးနေသလဲဆိုတာ စဉ်းစားဖူးတဲ့ မိဘဘယ်နှယောက်ရှိပါသလဲလို့သာ ကျွန်တော်ကဖြင့် မေးလိုက်ချင်ပါတယ်။

သည်အမူအကျင့်ဟာ အကျင့်ပျက်နည်း၊ စည်းကမ်း မလိုက်နာနည်း၊ သူတပါးကို မငဲ့ကွက်နည်း၊ ကိုယ့်တဖို့တည်းသာ ကြည့်နည်း၊ ဖျံ့ကျနည်း အစရှိသော သူယုတ်ကျင့်များကို ပျော်ပျော်ကြီး လမ်းပြသွန်သင်ပေးနေရာရောက်မှန်း တော်တော်တန်တန် မိဘဆိုသူတွေ သတိမထားမိပါဘူး။ သူတို့သတိမထားမိဆို သူတို့ရဲ့ မိဘအစဉ်အဆက်ကလည်း အဲဒီ သူယုတ်ကျင့်တွေကို သူတို့ရှေ့မှာ တဘဝလုံး ထုတ်ပြခဲ့ကြတာမို့ အဲသလို ကျင့်ကြံတာကမှ လမ်းမှန်လို့ မြင်နေရှာကြပေတာကိုး။

ရှိပါသေးတယ်။ စာမေးပွဲနဲ့ ပတ်သက်လာရင် ဗေဒင်တွေ ယတြာတွေနဲ့ ကလေးတွေကို အမှောင့်ပူးအောင် လုပ်ထားတာကရော၊ ကလေးတွေရဲ့ ပင်ကိုကြိုးစားအားထုတ်မှုကပဲ အရာမထင်သလို ဖြစ်အောင် လုပ်နေတာပဲ မဟုတ်ပါလား။ ဒါ့အပြင် ကလေးတွေ စာမေးပွဲမှာ ခိုးချတာ၊ ကူးချတာကို အားပေးမယ့်မိဘ မရှိစကောင်းပေမယ့် ကလေး အမှတ်နည်းရင် အပြစ်တင်၊ အပြစ်ပေး၊ ရှုံ့ချနေခြင်းဟာ ကလေးတွေ မသမာမှုတွေ ကျူးလွန်ဖြစ်အောင် တိုက်တွန်းရာရောက်တယ်ဆိုတာကိုရော မိဘတွေ သတိထားမိပါရဲ့လား။

မပြီးသေးဘူးခင်ဗျ၊ ဆယ်တန်းစာမေးပွဲမှာ အမှတ်မကောင်းရင် တစ်ဘဝလုံးကြီးပဲ သွက်သွက်ခါ ဦးစိုက်သွားတော့မယ့်အတိုင်း လာဘ်ပေးလာဘ်ယူတွေနဲ့ မေးခွန်းဝယ်တာ၊ စာစစ်သူတွေနဲ့ အကြံအဖန် လုပ်ပေးတာတွေကရော ကလေးတွေကို ဘယ်လိုသူတော်ကောင်းတရားတွေ ပွားများလာစေမယ် ထင်ပါသလဲ။

**ယဉ်ကျေးလိမ္မာ မှတ်သားကြားနာရမယ့်သူတွေ**

မကောင်းတာကို တားမြစ်ရမယ်၊ ကောင်းရာကို ညွှန်ရမယ်ဆိုတာ မိဘတို့ရဲ့ ဝတ္တရားပါ။ ညွှန်ပါတယ်၊ နွေရာသီဆို ယဉ်ကျေးလိမ္မာသင်တန်းတွေတောင် ပို့နေသေးပါရဲ့လို့တော့ မပြောစေချင်ပါဘူး။ လုပ်ရပ်က စကားလုံးပေါင်း အသင်္ချာထက် အဆများစွာ တာသွားပါတယ်။ ကလေးကို မလိမ်ပါနဲ့လို့ ပါးစပ်က အကြိမ်တစ်ထောင် သွန်သင်ပြီး ကလေးရှေ့မှာ ကိုယ်တိုင်ကတစ်ကြိမ်၊ နှစ်ကြိမ်လောက်လေး လိမ်ပြလိုက်ရုံနဲ့ လိမ်တာဟာ တရားတယ်လို့ ကလေးက သင်ယူ မှတ်သားသွားတော့မှာပါ မလွဲပါဘူး။

ခက်တာက ကျွန်တော်တို့ဆီမယ် အများစုက စာမဖတ်ကြတော့ဘူး။ မိဘကောင်းတစ်ယောက်ဖြစ်ဖို့၊ အကျင့်ကောင်းတဲ့ ကလေးတွေ ပျိုးထောင်နိုင်စေဖို့ လမ်းညွှန်ထားတဲ့ စာအုပ်တွေ အများအပြားလို့ မဆိုနိုင်သည့်တိုင် သည်ခေတ်မှာ သူ့ဟာလေးနဲ့သူ အတော်လေး ရှိလာပါပြီ။ ဒါပေမယ့် စာဖတ်ရကောင်းမှန်းမသိတဲ့ မိဘအများစုရှိနေတာကိုတော့ ကျောင်းကြီးတွေရှေ့က ရှိုးအပြည့်နဲ့ မအေမိဘတွေက သက်သေပြလို့ နေပါတယ်။

ပြောနေကျ စကားကိုပဲ ထပ်ပြောချင်ပါတယ်။ ချိန်တန် ရွယ်ရောက် လူလားမြောက်လာတဲ့အခါ အဖိုနဲ့ အမတို့ စက္ခု ရူပေနသံဝါသရာကနေ သမီးရည်းစား ဖြစ်လာကြတယ်။ ဘယ်သူမှ ရည်းစားထားနည်းကို မလေ့လာဖူးပါဘူး။ ကျွန်တော်လည်း အတူတူ၊ စာဖတ်သူ လူကြီးမင်းလည်း အတူတူပါ။

အဲဒီကမှ အိမ်ထောင်ပြုလိုက်ကြတဲ့အခါ လင်ရယ်၊ မယားရယ် ဖြစ်လာပါတယ်။ ဘယ်သူမှ လင်လုပ်နည်း မယားလုပ်နည်းကို မစူးစမ်းဖူးပါဘူး။ ဒါတော့ ကျွန်တော်မပါတော့ဘူး၊ စူးစမ်းဖြစ်တဲ့အပြင် စာတစ်အုပ်တောင် ရေးထုတ်ပြီးခဲ့ပြီမို့ ဖတ်ဖူးသူတွေလည်း ရှိလာတော့မှာပါ။ ဒါပေမယ့် မြန်မာပြည်လူဦးရေ သန်း ၅၀ မှာ အလွန်ဆုံးမှ ငါးသောင်း၊ တစ်သိန်းလောက်သာ ဖတ်ဖူးမယ် ထင်ပါတယ်။

အဲဒီကမှ သားသမီးမွေးလာတဲ့အခါ မိဘနေရာကို အော်တိုမက်တစ် အလိုလို ရောက်သွားပြန်ပါတော့တယ်။ အဲဒီမှာလည်း မိဘလုပ်နည်း၊ သားသမီးပျိုးထောင်နည်းကို အားစိုက်လေ့လာဖူးသူ နည်းမှာလည်း မလွဲပါဘူး။ မရှိဘူးလို့ မဆိုပါဘူး။ နည်းမယ်လို့သာ ပြောလိုက်တာပါ။

အဲတော့ဗျာ. . . အခု အလွန်ခေတ်စားနေတဲ့ ယဉ်ကျေးလိမ္မာ သင်တန်းတွေကို ကလေးတွေကိုချည်း နင်းကန် ပို့ချပေးနေမယ့်အစား မိဘဆိုသူတွေကိုလည်း စခန်းသွင်း လေ့ကျင့်ပေးသွားဖို့ အားထုတ်နိုင်ကြမယ်ဆိုရင်ဖြင့် သွားလေသူ ဆရာ(ဦး)အောင်သင်းပြောသလို မျိုးဆက်သစ်တွေ တိုးတက်ရစ်မှာပါ။ အဲလိုမှ မဟုတ်ဘဲ ဗာလနံ လူမိုက် လူဖျင်း မိဘတွေသာ ဆက်လက်ပွားများနေလို့ကတော့ မျိုးဆက်သစ်တွေ အဆိုးဆက်ဖြစ်နေမှာ မလွဲဘူးဆိုတဲ့အကြောင်း ဇွတ်မှိတ်ပြောလိုက်ချင်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစုံတစ်ရာရသွားမယ်လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

## မိတ္ထီလာတွင် နွေရာသီအားကစားသင်တန်းများဖွင့်ပွဲကျင်းပ

**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာတွင် ခရိုင်၊ မြို့နယ် နွေရာသီအားကစားသင်တန်းများ ဖွင့်ပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ကြက်တောင် အားကစားခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနွေရာသီ အားကစားသင်တန်းများဖွင့်ပွဲတွင် ကျောင်းသားလူငယ်များအနေဖြင့် နွေရာသီ အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး၊ အားကစားတွင် ထူးချွန်သည့် လူငယ်များ မွေးဖွားပေးနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ဇင်ယော်ကြက်တောင်ကလပ်က ကြက်တောင်သင်တန်းသားများတွက် တီရှပ်အင်္ကျီများ ပံ့ပိုးပေးအပ်ပြီး နွေရာသီ အားကစားသင်တန်းတွင် ပါဝင်သည့် မြန်မာ့သိုင်း၊ ကရာတေးဒို နည်းပြများနှင့် သင်တန်းသားအဖွဲ့သားများက သရုပ်ပြကစားကြသည်။

ယင်းနွေရာသီ အားကစား သင်တန်းများတွင် ဘောလုံး၊ ကြက်တောင်၊ မြန်မာ့သိုင်း၊ ကရာတေးဒို အားကစားနည်း လေးမျိုး ပါဝင်ပြီး သင်တန်းသားများအား တစ်လတာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ပဲခူးတက္ကသိုလ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအသိပညာပေး ဟောပြော

**ပဲခူး မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မတ် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ပဲခူးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီး ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဝင်းသူ က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောကာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အသိပညာပေးမှတ်တမ်းကို ပရိုဂျက်တာဖြင့် ပြသသည်။

ယင်းနောက် ပဲခူးတက္ကသိုလ်အတွက် တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စပယ်က ပါမောက္ခချုပ်ဒေါက်တာကြည်စိုးထံ အလှူငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအသိပေးဟောပြောပွဲသို့ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စပယ်နှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(၅၈၈)**

## သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ကျေးရွာပေါင်း ၈၅ ရွာ လျှပ်စစ်မီးပြည့်ဝစွာသုံးစွဲနိုင်ပြီ

**မိုးညို မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လျှပ်စစ်မှူး ရုံးဝန်းအတွင်း ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေမိုးညိုဓာတ်အားပေးခွဲရုံအား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ၌ စတင်တည်ဆောက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

